# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၀၂)


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဩဂုတ် ၂

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့ ဖတ်စရာ**

### တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

ပြည်တွင်းသတင်း စာ -၄

### ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်နိုင်ခြေရှိသည့်အုပ်စုများကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်

နိုင်ငံတကာသတင်း စာ -၁၃

### ကျောက်ဆည်မြို့နယ်၌ ဒေသနှင့် ကိုက်ညီသည့် စပျစ်သီးနှံများ စမ်းသပ်စိုက်ပျိုး

ပြည်တွင်းသတင်း စာ -၂၂

## ဆင်ဖြူတော် ကြန်အင်လက္ခဏာများနှင့်ကိုက်ညီသော ဆင်ဖြူတော် ပထမဆုံးပေါ်ထွန်း

နေပြည်တော်၊ ၂-၈-၂၀၂၂



ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းမှ ထိန်းကျောင်းထားရှိသော ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ထူးခြားအသွင်သဏ္ဌာန်ရှိသည့် ဆင်ဖြူတော် (အထီး) ကလေး (၁)စီးအား ၂၃-၇-၂၀၂၂ ရက်နေ့ နံနက်ပိုင်း မင်္ဂလာအချိန် ၀၆:၃၀ နာရီတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်ကလေးမှာ အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကျောအလျား ၂ ပေ၊ အမြီးအလျား ၁ ပေ ၆ လက်မနှင့် မွေးဖွားစ ကိုယ်အလေးချိန် ၁၈၀ ပေါင်ခန့် ရှိပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၈-၂၀၂၂

| | | | | | | | |
|---|---|---|---|---|---|---|---|
| မြိတ်မြို့ | ၄ ဒသမ ၅၆ | လက်မ | | ခရမ်းမြို့ | ၁ ဒသမ ၆၅ | လက်မ | |
| နွားထိုးကြီးမြို့ | ၂ ဒသမ ၇၇ | လက်မ | | ပေါက်တောမြို့ | ၁ ဒသမ ၆၅ | လက်မ | |
| ခန္တီးမြို့ | ၂ ဒသမ ၆၇ | လက်မ | | တောင်ငူမြို့ | ၁ ဒသမ ၆၁ | လက်မ | |
| အမ်းမြို့ | ၂ ဒသမ ၃၂ | လက်မ | | ဖြူးမြို့ | ၁ ဒသမ ၅၄ | လက်မ | |
| ကလေးဝမြို့ | ၁ ဒသမ ၉၃ | လက်မ | | ဘုရားသုံးဆူမြို့ | ၁ ဒသမ ၅၄ | လက်မ | |
| မိုင်းဆတ်မြို့ | ၁ ဒသမ ၈၁ | လက်မ | | | | | |
| ဟိုင်းကြီးကျွန်းမြို့ | ၁ ဒသမ ၇၃ | လက်မ | | | | | မိုး/ဇလ |

## ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်သရိုက်များနှင့် အနယ်အနှစ်များ ဖယ်ရှားရှင်းလင်း၊ ဂဲလောင်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး စုပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း၌ ဇူလိုင် ၃၁ ရက် နံနက် ၂ နာရီမှ နံနက် ၁၁ နာရီခွဲခန့်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအချို့၌ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများအား ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ရပ်ကွက်ကြီး(၁)အတွင်းရှိ ဂဲလောင်ချောင်းရေ တိုက်စားမှုရှိသည့် ချောင်းဘေးပေါင်များ *စာမျက်နှာ ၈ ကော်လံ ၅* ■

# ရှေ့သို့ချီမည် ပန်းတိုင်ဆီ

နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု အဆိုရှိသည်။ အကယ်၍ စစ်ရေးနည်းလမ်းအပြင် တွေ့ဆုံဆွေးနွေးခြင်းကဲ့သို့သော အခြားနည်းလမ်းတစ်ရပ် ဖြစ်ပေါ်လာလျှင်မူ စစ်ရေးကို ဆက်လက်စွဲကိုင်ထားရန် မသင့်တော့။ ရွေးချယ်ရန် နည်းလမ်းမရှိခဲ့ခြင်းကြောင့် ဖြစ်စေ၊ ခံယူချက်တစ်ခုခုကြောင့် ဖြစ်စေ ကျင့်သုံးခဲ့သည့် စစ်ရေးလမ်းစဉ်သည် သေကျေမှုများ၊ ပျက်စီးဆုံးရှုံးမှုများ၊ အနိဋ္ဌာရုံများကိုသာ ဖြစ်ပေါ်လာစေခဲ့ပြီး တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆိတ်သုဉ်းသွားစေခဲ့သည်။ လက်နက်ကိုင်လမ်းစဉ်မှ ဖယ်ခွာ၍ တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးကို ရယူနိုင်မှသာ ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားဒေသအသီးသီးနှင့်တကွ နိုင်ငံတစ်ဝန်းလုံး ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် နေ့ရက်များကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

"ကျွန်တော်တို့ အစိုးရအနေနဲ့ 'ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေးပြောကြားလိုပါတယ်"ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတစ်နိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မည်သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရစေကာမူ နိုင်ငံ၏ အစိုးရနှင့် ပြည်သူတို့အနေဖြင့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားကာ ပန်းတိုင်သို့ ဦးတည်၍ ချီတက်ကြရစမြဲဖြစ်သည်။ အစိုးရနှင့် ပြည်သူ နားလည်ကြည်ဖြူစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည်နှင့်အမျှ အောင်မြင်မှုပန်းတိုင်သည်လည်း အလျင်အမြန် နီးကပ်လာရစမြဲ ဖြစ်သည်။

တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်တွင် တိုင်းရင်းသားများနှင့် တိုင်းရင်းသားဒေသများ၏ အကျိုးအတွက် တရားဝင်ပြောနိုင်၊ ဆိုနိုင်၊ တောင်းဆိုနိုင်ရန် ကိုယ်စားပြုနိုင်ငံရေးပါတီများ လွှတ်တော်များသို့ ရောက်ရှိလာရေးအတွက် ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲသွားရမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း တရားဝင်နိုင်ငံရေးစင်မြင့်ပေါ်သို့ တက်လှမ်းကာ မိမိတို့ တိုင်းရင်းသားများ၏အကျိုး၊ မိမိတို့ ဒေသအကျိုးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးအတွက် အတူတကွဆောင်ရွက်နိုင်ရန် စိတ်ရောကိုယ်ပါ ကြိုးပမ်းကြစေလိုသည်။

"မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့ လိုလားတယ်ဆိုရင် ဆွေးနွေးပါ၊ တောင်းဆိုပါ၊ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်၊ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာ လျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။" ဟူ၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖိတ်ခေါ်လက်ကမ်းထားသည်။ ပြုပြင်ပြောင်းလဲမှုများဖြင့် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးအတွက် ပိုမိုကောင်းမွန်အောင် တည်ဆောက်ရာတွင် အဓိကအင်အားသည် ပြည်တွင်းအင်အားသာလျှင်ဖြစ်ရာ စုစည်းညီညွတ်စွာ ပေါင်းရုံး၍ အားလုံးပါဝင်နိုင်ကြပါစေကြောင်း။ ။

## ရန်ကုန်-ပြည်လမ်းတစ်လျှောက် လမ်းလယ်ကျွန်း လမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဩဂုတ် ၁ ရက် ည ၁၀ နာရီခန့်က ရန်ကုန်-ပြည်လမ်းတစ်လျှောက် လမ်းလယ်ကျွန်း လမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အပိုင်း (၁) လုပ်ငန်းခွင်ဖြစ်သည့် ပါရမီလမ်းဆုံ(အေဒီမီးပွိုင့်)မှ မင်္ဂလာဒုံ လေဆိပ်လမ်းဆုံအထိ လမ်းမီးတိုင် ၁၂၆ တိုင် စိုက်ထူ၍ မီးလုံး ၂၆၂ လုံး တပ်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ဧရိယာများဖြစ်သည့် ခုနစ်မိုင်ခွဲ၊ ရှစ်မိုင်တံတား အတက်အဆင်း နှစ်ဖက်၊ ဆည်မြောင်းလမ်းဆုံ၊ ကိုးမိုင် အောင်မြေဘုံသာသျှာမ်းကျောင်းရှေ့၊ စန္ဒာသီရိလမ်းဆုံ၊ လေဆိပ်လမ်းဆုံများတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ စက်ယန္တရားကြီးများဖြင့်လည်းကောင်း၊ ဝန်ထမ်းများဖြင့်လည်းကောင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ထိုသို့ ဆောင်ရွက်နေသော အပိုင်း (၁) လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင် အပိုင်း(၁)နှင့် ဇူလိုင် ၁၇ ရက်တွင် ဆောင်ရွက်ပြီးဖြစ်သော အပိုင်း(၂) ပါရမီလမ်းဆုံမှ လှည်းတန်းခုံးကျော်တံတားအထိ၊ အပိုင်း(၃) လှည်းတန်းခုံးကျော် တံတားမှ မင်းရဲကျော်စွာ လမ်းထိပ်အထိ ရန်ကုန် - ပြည်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းများနှင့် မီးတိုင်များတွင် ရောင်ပြန်များ တပ်ဆင်ထားရှိပြီး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများနှင့် ဝန်ထမ်းများ၏ လုံခြုံရေးတို့ကို အမြဲမပြတ်သတိထား ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာ ဆရာမများအား ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များအား လုယက်ယူဆောင်ခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံပို့ဆောင်စဉ် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"**နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် Mask ၁၁ ဒသမ ၁၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မျောက်ကျောက်ရောဂါ အသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဖဟိုဌာန၌ မျောက်ကျောက်ရောဂါ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်ရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်နှင့် ဒုတိယဦးစီးမှူး ဒေါ်အေးမဉ္ဇူတို့က မျောက်ကျောက်ရောဂါဖြစ်ပွားပုံ၊ ရောဂါကူးစက်ပုံ၊ မျောက်ကျောက်ရောဂါ၏ အဖြစ်များသော ရောဂါလက္ခဏာများ၊ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ ကာကွယ်နိုင်ရန်နည်းလမ်းများကို ဆွေးနွေးကြသည်။

ထို့နောက် မျောက်ကျောက်ရောဂါ အသိပညာပေးဆွေးနွေးပွဲကို ပြည်သူများသိရှိနိုင်စေရန် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြည်သူ့စာကြည့်တိုက်နှင့် We Love East Dagon Facebook Page တို့တွင် လွှင့်တင်ပေးသွားမည်ဖြစ်ပြီး ယင်းရောဂါနှင့်ပတ်သက်၍ နံရံကပ်စာစောင်များပြုလုပ်ကာ ပြသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဒိုက်ဦးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဒိုက်ဦး ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဒိုက်ဦးမြို့နယ် ပေါက်တပင် မျိုးသန့်ခြံသို့ ရောက်ရှိပြီး ဖောင်တော်သီကျေးရွာ အုပ်စု ဗျိုင်းချယ်ကျေးရွာ အုပ်စုနှင့် ကတုတ်ဘုရားကြီး ကျေးရွာအုပ်စုတို့ရှိ နွေစပါးစိုက်တောင်သူ ၈၄ ဦးအတွက် ဓာတ်မြေဩဇာ ၂၀၂ အိတ် ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ နွေစပါးစိုက်ပျိုးရေးရရှိရေးနှင့် ဒေသကြက် မွေးမြူနိုင်ရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ စိုက်ပျိုးရေးခြံအတွင်း ဒေသခံတောင်သူများအတွက် မော်ဘီ(၃)နှင့် ဆင်းသုခ မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်း ၆၅ ဧကကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စုဝေးခန်းမ၌ အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) Software Program အတွင်း ကွန်ပျူတာဖြင့် ထည့်သွင်းနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်တွေ့ဆုံကာ မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပျဉ်းမလွင် ကျေးရွာအုပ်စုရှိ ဆင်းသုခ မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက၌ သဘာဝမြေဩဇာကြဲပက်နေမှုနှင့် ဓာတုကင်းလွတ် ရွက်ဖျန်းပိုးသတ်ဆေးဖျန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး အသိပညာပေးရန်နှင့် ရက်တိုပြီး အထွက်နှုန်းတိုးသည့် စပါးမျိုးကောင်းမျိုးသန့်ရရှိရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ကျိုက်စကော အရှေ့ကျေးရွာ၊ တောင်သူ ဦးမောင်ကြီး၏ ဖရီရှန်မျိုး နို့စားနွားကောင်ရေ ၃၀ မွေးမြူထားရှိမှုနှင့် ခွာနာ လျှာနာကာကွယ်ဆေးထိုးပေးနေမှုတို့ကို ကြည့်ရှုပြီး နေဗီယာမြက်တိုးချဲ့ စိုက်ပျိုးနိုင်ရေးနှင့် မွှန်ဘားဆားနွားစားမြက် မျိုးစေ့ထုပ်တို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မိုးယွန်းကြီးအင်းသို့ ရောက်ရှိပြီး ဒေသဇီဝမျိုးစုံ မျိုးကွဲပြတိုက်ကို ကြည့်ရှုလေ့လာကာ ဒေသငါးမျိုး မျိုးသုဉ်းမှုမရှိစေရေး မိုးယွန်းကြီးအင်းအတွင်း ငါးဖယ်အောင်းကောင်ရေ တစ်သိန်းခွဲနှင့် ငါးပြေမကောင်ရေငါးသောင်းကို သဘာဝရေပြင်အတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဦးအောင်ကျော်ဇံအား ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံအား ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာ နေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ရှေ့ဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂

**စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးညွန့်အောင်က စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့သည် နိုင်ငံတော်၏ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်စေမည့်အပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေကြောင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်နည်းဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီးပါက ဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို အကာအကွယ်ပြည့်ဝစွာ ခံစားနိုင်ခြင်း၊ ဆန်းသစ်တီထွင် ဖန်တီးလိုချင်စိတ်များကို အားပေးမြှင့်တင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာနိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားခြင်း စသည့်အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ရာ အစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် ပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုကြရာ အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ရှေးသမိုင်း ပညာရှိများ၏ မိန့်ဆိုချက်များအရ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများသည် **မျက်လုံး ပုလဲရောင်၊ ငှက်ပျောကိုင်းသဏ္ဌာန်ကျောကုန်း၊ အဖြူကဲ့သို့ အမွေးရောင်၊ အမြီးမှာ တံခါးပိတ်လက်ဝါး ပုံသဏ္ဌာန်၊ အရေပြား ဩဇာကွက်၊ အသားအရေ ပန်းရောင်၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၅ ခုစီ ပါပြီး နားရွက်မှာ နားကြီးခြင်းတို့** ရှိရမည်ဖြစ်ကြောင်း အချက် ၈ ချက်ဖြင့် ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ရခိုင်ပြည်နယ်တွင် ထပ်မံပေါ်ထွန်းသည့် ဆင်ဖြူတော် (အထီး) ကလေးသည် ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများအနက် **မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင် ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်း** တို့ကြောင့် ဆင်ဖြူတော်ကလေးမှာ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများနှင့် ကိုက်ညီမှုရှိကြောင်းနှင့် အချက် ၈ ချက်တွင် ၇ ချက် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ယခင် ပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော် ၉ စီးတွင် ပထမဆုံးပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော် ၁ စီးသာ ကြန်အင်လက္ခဏာ ၇ ချက်နှင့် ကိုက်ညီခဲ့ပြီး ကျန် ဆင်ဖြူတော် ၈ စီးမှာ အများဆုံး ၆ ချက်သာ ကိုက်ညီသည်ကို စိစစ်တွေ့ရှိရပါသည်။

ယခု ပေါ်ထွန်းလာသည့် ဆင်ဖြူတော်ကလေးမှာ အသက် (၁၀) ရက်သားတွင် အရပ်အမြင့် ၂ ပေ ၅ လက်မခွဲခန့်နှင့် ကိုယ်အလေးချိန် ၁၉၀ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိပြည်သူများ၊ အသက်(၅) နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၂၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၂၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၆၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၅၂၈၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၂၆၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၉၄၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၄၇၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပလက်ဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ရုံးတိုးမြှင့်ဖွင့်လှစ်

**ပလက်ဝ ဩဂုတ် ၂**

ချင်းပြည်နယ် ပလက်ဝမြို့တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအား ခရိုင်အဆင့်ရုံး တိုးမြှင့်ခြင်းကို ဩဂုတ် ၁ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဝေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး အောင်သူမြင့်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းလှိုင်တို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ရုံးတိုးမြှင့်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဝေ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး အောင်သူမြင့်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်နှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊**
**စွမ်းအင်လည်းရ ပြည်လည်းလှ**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန သုံးခု ဝန်ထမ်းမိသားစု ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန သုံးခုတို့မှ ဝန်ထမ်းများ၏ သား/သမီးများအနက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ပညာသင်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။



**ထောက်ပံ့ပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ကြီးဌာနတစ်ခုလုံးရှိ ဝန်ထမ်းများနှင့်ဝန်ထမ်း သား၊ သမီး ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မူလတန်းအဆင့် ၆၁၈ဦး၊ အလယ်တန်းအဆင့် ၂၃၇ ဦး၊ အထက်တန်းအဆင့် ၈၀ ၊ တက္ကသိုလ်တက်ရောက်သူ ၂၈၇ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၃ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၅၁ ဦးအတွက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရည်မြင့်မားရေးသည် အဓိကအကျဆုံးဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ဦးတည်ချက်ချမှတ်၍ အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြသူများဖြစ်အောင် ကြိုးစားကြပြီး လုံ့လ၊ ဝီရိယနှင့် အချိန်ကိုတန်ဖိုးရှိစွာ အသုံးချလျက် ပညာကို လိုလိုလားလား ကြိုးစားသင်ယူကြရန်၊ နိုင်ငံတော်က အားကိုးအားထားပြုနိုင်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင်ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုလက်မှတ်ပေးအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၉)တွင် ဒုတိယဆုရရှိခဲ့သော ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။ ဆက်လက်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၃ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၆ ဦး အပါအဝင်၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်မည့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၅၁ ဦးအတွက် ငွေကျပ်စုစုပေါင်း ၁၈၃၆၄၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၂**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်းတပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။**(ယာပုံ)**

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ခန္တီးမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၂**

ယနေ့ မြန်မာစံတော်ချိန် ၁၉ နာရီ ၀၉မိနစ် ၂၈ စက္ကန့် အချိန်တွင် မြစ်ကြီးနား မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၉၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ခန္တီးမြို့၏ အရှေ့-အရှေ့မြောက်ဘက် ၂၂ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၆ ဒသမ ၀၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၄ ဒီဂရီ၊ အနက် ၂၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် လှုပ်ရှားခဲ့ကြောင်း တိုင်းထွာရရှိသည်။




**မိုး/ဇလ**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပူတာအိုဌ် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းအတွင်း သဘာဝမြေသြဇာ အချိုးကျကြဲပက်

**ပူတာအို ဩဂုတ် ၂**

ကချင်ပြည်နယ် ပူတာအိုခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါး ဆင်းကေရီ-၃ မျိုးစေ့ထုတ်စံပြကွက်တွင် တစ်ဧကအထွက်နှုန်းတိုးတက်စေရန်နှင့် မျိုးစေ့အရည်အသွေးကောင်းမွန်စေရန်အတွက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ (၁အချိုး၃) ရောစပ်၍ ကြဲပက်ပွဲကို ယမန်နေ့က မတ်ပန်ကွင်း စိုက်ပျိုးရေးပိုင် လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။

မြေသြဇာကြဲပက်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ထွေးက ဒေသဝမ်းစာဖူလုံရေးနှင့် ပူတာအိုလွင်ပြင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းကေရီ-၃(RS-CS)မျိုးသန့်မျိုးပွားစိုက်ခင်း ၁၀ ဧက စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များ၊ စိုက်ပျိုးရေးဦးစီးဌာနပိုင်လယ်မှထွက်ရှိလာသော မျိုးသန့်မျိုးစပါးများအား တောင်သူများ လက်ဝယ်သို့ ဖြန့်ဖြူးသွားရန်နှင့်တောင်သူများကိုယ်တိုင် မျိုးသန့်မျိုးပွားစိုက်ခင်းများ စိုက်ပျိုးတတ်လာစေရန်အတွက် ကွင်းသရုပ်ပြပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ခိုင်က ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ အချိုးကျရောစပ်သုံးစွဲနည်း၊ သဘာဝမြေသြဇာ E-M BOKASHI ပြုလုပ်နည်းတို့ကို တက်ရောက်လာသည့် တောင်သူများအား လက်တွေ့ရှင်းလင်းပြသပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများနှင့် တောင်သူများက စိုက်ခင်းအတွင်း စိုက်ပျိုးရေးဝန်ထမ်းများက အချိုးကျရောစပ်ထားသော မြေသြဇာများ စနစ်တကျကြဲပက်နေမှုများကို ကြည့်ရှုအားပေးသည်။

ပူတာအိုခရိုင်အနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် သုံးနှစ်စီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော်နိုင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပထမနှစ် (ယခုနှစ်)တွင် ဧက ၁၀၀၀ ၊ ဒုတိယနှစ်တွင် ဧက ၄၀၀၀၊ တတိယနှစ်တွင် ဧက ၅၀၀၀ စုစုပေါင်း ဧက ၁၀၀၀၀ မျိုးပြောင်းလဲစိုက်ပျိုးခြင်းနှင့် စိုက်နည်းစနစ်ပြောင်းလဲနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

# ကျွန်တော်ရခဲ့သော မွေးနေ့လက်ဆောင်

မြင့်စိုး(နတလ)

### ဘာတွေကျန်ရစ်ခဲ့ပြီလဲ

**“(၃၃) နှစ်ပြည့်တဲ့မွေးနေ့မှာ ဘာတွေကျန်ရစ်ခဲ့ပြီလဲလို့ ပြန်ကြည့်လိုက်ရင်တော့ (၃၃) နှစ်ဆိုတာကလွဲလို့”(ကဗျာဆရာဘိုင်ရွှန်)**

သားမွေးနေ့က ဇူလိုင် ၈ ရက်၊ ကျွန်တော့်မွေးနေ့က ဇူလိုင် ၂၅ ရက်၊ ကွယ်လွန်သူဇနီးသည် မွေးနေ့က ဇူလိုင် ၂၆ ရက် အားလုံးက ဇူလိုင်မွေးနေ့ရှင်များဖြစ်နေသောကြောင့် ကိုဗစ် ကပ်ရောဂါကြီးမဖြစ်မီ ယခင့်ယခင်နှစ်တွေမှာ ဇူလိုင်မိသားစုမွေးနေ့ဆုမွန်လွှာဆိုပြီး သတင်းစာတွေမှာထည့်ဖြစ်ခဲ့သည်။ သည်ဘက်နှစ်မွေးနေ့တွေမှာတော့ မထည့်ဖြစ်တာကြာပေပြီ။ သို့တစေ ကဗျာဆရာဘိုင်ရွှန်၏ အထက်ပါစကားစုလေးက မွေးနေ့ရောက်တိုင်းရောက်တိုင်း မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်နိုင်အောင် သတိပေးနေသလိုပင်။ တကယ်လည်း ဆင်ခြင်မိပါ၏။ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ ဘာတွေလုပ်ခဲ့ပြီးပြီလဲ၊ ဘယ်လောက် အောင်မြင်ခဲ့သလဲ၊ ဘာတွေမှားခဲ့သလဲ၊ ဘယ်အထိခရီးဆက်နိုင်ဦးမလဲ စသည်…စသည်။ အများကြီး မလုပ်နိုင်သည့်တိုင်အောင်၊ လုပ်ခွင့်မရသည့်တိုင်အောင် နတလတည်းဟူသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ၂၃ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ဖူးသောကြောင့် ကျွန်တော်ချစ်သော တိုင်းရင်းသားများအတွက်၊ ကျွန်တော်သံယောဇဉ်ရှိသော နယ်စပ်ဒေသများအတွက် ထိုက်သင့်အားလျော်စွာ လုပ်နိုင်ခဲ့ပြီမို့ ကျေနပ်မိပါသည်၊ ဝမ်းသာပီတိဖြစ်ရပါသည်။ အငြိမ်းစားဝန်ထမ်းဘဝမှာတောင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဝန်ထမ်းများနှင့်အတူ ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသသို့ ရောက်လိုက်သေး၏။ သွားနိုင်တုန်းသွားရတာပဲလေဟု သဘောပိုက်လျက် အရောက်သွားခဲ့ခြင်းပင်။ ၎င်းအပြင် မွေးရပ်မြေ ရောဝတီတိုင်းဒေသကြီးထဲက မြို့ရွာတော်တော်များများကိုလည်း ရောက်ခဲ့ပြန်သည်။ ထိုမြို့ထိုရွာများရှိ အထကကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူလေးများနှင့်တွေ့ဆုံပြီး စာမေးပွဲအောင်ချက်မြင့်မားရေး၊အောင်မြင်သူများအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) တို့သို့ တက်ရောက်ခွင့်ရရှိရေးရှင်းလင်းဆွေးနွေးပေးခဲ့သည်။ ပြောခဲ့ပြီကောလေ၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲက မက်မန်းမြို့လေးသို့ပင် ရောက်ခဲ့ ဟောခဲ့ပြောခဲ့သည်ဟု။ ဟော…ထိုသို့နေလာရာက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခွင့်ရလာပြန်သောအခါ ကျွန်တော် ကျေနပ်ဝမ်းသာမိပါသည်။ အကြောင်းကတော့ နတလမှာကဲ့သို့ပင် အများအကျိုးကို သယ်ပိုးခွင့်ရစေမည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနဖြစ်နေသောကြောင့်ပင်။

### တစ်နှစ်သား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျွန်တော်တို့ လူမှန်းသိတတ်စအရွယ်ကတည်းက စတင်ကြားဖူး၊ မြင်ဖူးနေသော သမဝါယမဝန်ကြီးဌာန ဒုတိယဒီမိုကရေစီအစိုးရလက်ထက်ဖြစ်သည့် ၂၀၁၆-၂၀၂၀ ကာလ၌ ပျောက်ကွယ်သွားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့ရာ ပြီးခဲ့သည့် ဇွန် ၁၇ ရက်၌ တစ်နှစ်သက်တမ်း ပြည့်ခဲ့ပြီဖြစ်သည်။ ဝန်ကြီးဌာန၏ မျှော်မှန်းချက်



သမဝါယမအသင်းများသို့ ထောက်ပံ့ပေးအပ်သော လယ်ထွန်စက်ကြီးများ။

(Vision) မှာ သမဝါယမကဏ္ဍနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဟူ၍ဖြစ်ပါသည်။ လုပ်ငန်းတာဝန်များ (Mission) အနေဖြင့်လည်း သမဝါယမအသင်းများ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ ထွန်းကားစေရန်၊ အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် နည်းပညာသင်တန်းများပေးရန်၊ ကျေးလက်အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်တို့ဖြစ်သည်။ ထူးခြားသည်မှာ ယခင်သမဝါယမဝန်ကြီးဌာန လက်ထက်ကတည်းက ရှိပြီးဖြစ်သော သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကိုပါ ထည့်သွင်းဖွဲ့စည်းပေးခြင်းဖြစ်သည်။ ဤသည်မှာ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်ပေးနိုင်ရန်ပင်ဖြစ်သည်။ ယခုအခါ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကိုပါ ထပ်မံသွတ်သွင်းဖွဲ့စည်းတော့မည်ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ဦးစီးဌာန လေးခုဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပေသည်။

### ဇူလိုင်လ၏ အမှတ်တရခရီးစဉ်

သည်တာဝန်ကို ထမ်းဆောင်မှတော့ သွားသင့်သည့်နေရာဒေသများသို့ ရောက်အောင် သွားရတော့မည်လေ။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရှမ်းအရှေ့၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း၊ ရှမ်းတောင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီးထဲက နေရာဒေသအချို့ကို ကျွန်တော်ရောက်ခဲ့ပြီ။

ပြီးခဲ့သည့် ဇူလိုင် ၇ ရက် ၈ ရက်များတွင်မှာတော့ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်များသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။ သွားရသည့် အဓိကရည်ရွယ်ချက်မှာ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က အကောင်အထည်ဖော်ဆောင်ရွက်နေသော သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးရန်နှင့် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် ဖြစ်သည်။ ညောင်ရွှေမြို့မှာ ဗေဒါကုန်ကြမ်းကို အခြေခံသော သဘာဝမြေဩဇာထုတ်လုပ်နေသကဲ့သို့ ရပ်စောက်မြို့မှာက တိရစ္ဆာန်စွန့်ပစ်ပစ္စည်းကြက်ချေး၊ နွားချေးများနှင့် မြေဆွေးများကို ရောနှောသုံးစွဲထားသည့် စွမ်းထက်အားဖြည့် သဘာဝမြေဩဇာထုတ်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေကြသည်။ စိုက်ပျိုးသီးနှံများ အထွက်တိုးစေရန်၊ ထွက်နှုန်းမြင့်မားစေရန် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများကို စနစ်တကျအသုံးပြုရပါမည်။ တာဝန်ရှိသူများ၏ နည်းပညာပေးမှု၊ နည်းပေးလမ်းပြ ပြောဆိုညွှန်ပြမှုများကို တောင်သူလယ်သမားဦးကြီးတို့က လိုက်နာဆောင်ရွက်ကြဖို့လိုပါသည်။ အများစုကတော့ ထွက်နှုန်းတိုးရေး နည်းဥပဒေသများကို လိုက်နာလုပ်ဆောင်ကြတာတွေ့ရသည်။ သို့သော် အားနည်းချက်ဖြစ်ပေါ်နေသည်က ဓာတုမြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအသုံးပြုဖန်များ၍ မြေဆီလွှာဂုဏ်သတ္တိများ ပျက်စီးယိုယွင်းလာသောလယ်ယာမြေများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ကြိုးပမ်းအားထုတ်မှု မရှိခြင်း၊ ပျက်ယွင်းနေခြင်း၊ သတိမမူခြင်းများပင်ဖြစ်၏။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပိုက်ဆံလျှော်အပါအဝင် သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ထွန်ယက်စိုက်ပျိုးပြသနေကြောင်း တွေ့ရသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်လည်း တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်း၍ ပိုက်ဆံလျှော်များ စိုက်ပျိုးပြသပေးနေသည်။ လိုက်နာဆောင်ရွက်ကြဖို့ပဲ လိုသည်။ သဘာဝမြေဩဇာများ သုံးစွဲခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျ ရောနှောသုံးစွဲခြင်းများက လယ်ယာမြေများ၏ မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ရပ်စောက်မြို့သို့ သွားသောနေ့က သားတော်မောင်၏မွေးနေ့ဖြစ်သောကြောင့် အဝေးကပဲလှမ်း၍ ဆုတောင်းစကားပြောခဲ့ရသည်။



တပ်ကုန်းမြို့နယ် ဝွေးပင်စံပြကျေးရွာ၌ GW11 စပါးမျိုးအား ကြဲပက်စိုက်ပျိုးပေးနေစဉ်။

### ဝွေးပင်ကျေးရွာက စံပြစိုက်ကွက်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ဝွေးပင်ကျေးရွာသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသော စိုက်ပျိုးရေးအခြေခံ (SMART Village) စံပြကျေးရွာဖြစ်သည်။ ထိုရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်း၊ တံတား၊ ရေ၊ မီးလုပ်ငန်းများဆောင်ရွက်နေသကဲ့သို့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကလည်း တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းဆိုင်ရာ သင်တန်းများ ပို့ချသင်ကြားပေးနေသည်။ သမဝါယမဦးစီးဌာနသည် စက်မှုလယ်ယာဦးစီး

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဌာန၏ အကူအညီဖြင့် စပေါင်းလယ်ယာမြေ ၁၁၆ ဧက ဖော်ထုတ်ပေးထားပြီး စံပြဂွေးပင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းကိုလည်း ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မိုးစပါးစိုက်ပျိုးရေးအတွက် မျိုး၊ စိုက်ပျိုးစရိတ်ထောက်ပံ့ငွေ၊ ဓာတ်မြေဩဇာ စသည်တို့ကို ထောက်ပံ့ပေးထားသည်။

အဆိုပါလယ်မြေ ၁၁၆ ဧကထဲမှ တောင်သူခြောက်ဦး ပိုင်ဆိုင်သော လယ်မြေ ၇ ဒသမ ၀၅ ဧက တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် အထွက်တိုးမျိုးစပါး GW 11 ကို အစေ့ချစနစ်၊ ကြဲပက်စနစ်၊ ပျိုးထောင်စနစ်ဟူသော စိုက်နည်းစနစ် သုံးမျိုး၊ စိုက်ပျိုးပြသသွားမည်ဖြစ်သည်။ မူလက ဇူလိုင်လဆန်းပိုင်းတွင် စိုက်ပျိုးပြသရန် စီစဉ်ထားသော်လည်း စိုက်ပျိုးရေရရှိရန် စောင့်ဆိုင်းရင်း ဇူလိုင် ၂၅ ရက်တွင်မှ စိုက်ပျိုးရန် ဖြစ်လာခဲ့သည်။ ထိုနေ့က ကျွန်တော်သည် ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးစိုးသန်း၊ ဦးကျော်ဇင်လတ်၊ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးတို့နှင့်အတူ ဂွေးပင်ကျေးရွာသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ရှေးဦးစွာ ဂွေးပင်ကျေးရွာအုပ်စု ရွာသူရွာသားများနှင့်တွေ့ဆုံ၍ ဓာတ်မြေဩဇာအပြင် သဘာဝမြေဩဇာများကိုပါ သုံးစွဲကြရန် နွားချေးမြေဆွေး ပေါများသောရွာဖြစ်သောကြောင့် သဘာဝမြေဩဇာများကို ကိုယ်တိုင်ပြုလုပ် သုံးစွဲတတ်စေရန် တိုက်တွန်းမှာကြားခဲ့သည်။ ယင်းနောက် တောင်သူ ဦးတင်ရှိန်၊ ဦးတင်အောင်၊ ဒေါ်အေးသန်းတို့ ပိုင်ဆိုင်သော လယ် ၃ ဒသမ ၄၅ ဧကတွင် GW 11 စပါးမျိုး အစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ ထိုမှ တောင်သူဒေါ်ခင်မြင့်ရွှေ ပိုင်ဆိုင်သော လယ်မြေ ၁ ဒသမ၂၅ ဧကတွင် GW 11 စပါးမျိုး ကြဲပက်စိုက်ပျိုးရန် သွားရောက်ကြပြီး ကျွန်တော်တို့ပါ လယ်ထဲသို့ဆင်း၍ ကြဲပက်စိုက်ပျိုးပေးသည်။ ထိုမှတစ်ဖန် တောင်သူဦးတင်အောင်နှင့် ဦးချစ်ကို ပိုင်ဆိုင်သော လယ်မြေ ၂ ဒသမ ၃၅ ဧကတွင် GW 11 စပါးမျိုးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဇူလိုင် ၂၅ ရက်သည် ကျွန်တော်၏ မွေးနေ့၊ ထိုနေ့တွင် ဂွေးပင်စံပြကျေးရွာ၌ လယ်ထဲသို့ဆင်း၍ အမှတ်တရစပါးမျိုး ကြဲပေးခွင့်ရသောကြောင့် ကျွန်တော်အထူးပင် ပျော်ရွှင်မိပါသည်။

**မျိုးစပါး၊ သဘာဝမြေဩဇာနှင့် ထွန်စက်များပေးအပ်**

ဇူလိုင် ၂၈ ရက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၏ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာခရီးသို့ အတူလိုက်ပါခွင့်ရခဲ့သည်။ ကျွန်တော်တို့ ရောက်ရှိသွားချိန်မှာ စိမ်းစားပင်ကျေးရွာ သုခရတနာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဓမ္မာရုံရှေ့၌ ဒေဒေါင်း RX-7620၊ ဒေဒေါင်း DS-4510 လယ်ထွန်စက်ကြီးများ စီစီရီရီရပ်ထားသည်ကို တွေ့ရသည်။ ဓမ္မာရုံဘေး၌လည်း ဆင်းသုခမျိုးစပါးအိတ်များ၊ စမ်းဝတီသဘာဝမြေဩဇာအိတ်များကိုလည်း တွေ့ရသည်။ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်များက သမဝါယမအသင်းသားတောင်သူလယ်သမားများကလည်း စုံစုံညီညီ ရောက်ရှိနေကြပေပြီ။ ထိုနေ့ကျင်းပသော အခမ်းအနားကတော့ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မျိုးစပါး၊ သဘာဝမြေဩဇာနှင့် လယ်ထွန်စက်ကြီးများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားပါပေတည်း။



ဂွေးပင်စံပြကျေးရွာမှ တောင်သူဒေါ်ခင်မြင့်ရွှေ၏ စိုက်ကွက်။

> **"သွင်းအားစု ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချ၍ သဘာဝ မြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည့်အပြင် မြေဆီလွှာကောင်းမွန်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အော်ဂဲနစ် ထွက်ကုန်သီးနှံများ စားသုံးကြရမည်"**

ပြည်ထောင်စုဝန်ကြီးက ဒေသခံတောင်သူများအား အမှာစကားပြောကြားရာ၌ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရေးအတွက် လိုအပ်သော မျိုး၊ ရေ၊ သွင်းအားစုနှင့် နည်းပညာပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ သမဝါယမစနစ်ဖော်ဆောင်ကာ ဆောင်ရွက်ပေးနေပါကြောင်း သွင်းအားစုဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချ၍ သဘာဝမြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည့်အပြင် မြေဆီလွှာကောင်းမွန်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အော်ဂဲနစ် ထွက်ကုန်သီးနှံများ စားသုံးကြရမည်ဖြစ်ကြောင်း တောင်သူများ လိုအပ်သည့် မျိုးစပါး၊ သွင်းအားစု၊ လယ်ယာသုံးစက်ကိရိယာ စသည့်ထုတ်လုပ်မှုကုန်ကျစရိတ်များကို သမဝါယမအသင်းများက ထောက်ပံ့ပေးခဲ့ပြီး ထွက်ရှိလာသည့် သီးနှံများကို ကာလပေါက်ဈေးဖြင့် ဝယ်ယူပေးခြင်း၊ ငရုတ်၊ ခရမ်းချဉ်သီး စသည်တို့ကို တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်အောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆင်းသုခမျိုးစပါး တင်း ၂၅၀၊ စမ်းဝတီသဘာဝမြေဩဇာ အိတ် ၉၀၀၊ လယ်ထွန်စက် ၁၂ စီးတို့ကို သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာသမဝါယမအသင်းများ၊ တောင်သူလယ်သမားများသို့ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ရွှေဇေယျာသမဝါယမအသင်းက ဆောင်ရွက်နေသည့် စပါးစိုက်ခင်းများ၌ စမ်းဝတီသဘာဝမြေဩဇာ ကြဲပက်နေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

**ကျွန်တော်ရခဲ့သော မွေးနေ့လက်ဆောင်**

ဆိုခဲ့သည့်အတိုင်း ဇူလိုင်လသည် ကျွန်တော်တို့မိသားစု၏ မွေးနေ့များကို ညွှန်ပြနေသော လတစ်လဖြစ်ခဲ့သည်။ ခင်မင်လေးစားရပါသော အသိမိတ်ဆွေများ၏ မွေးနေ့လက်ဆောင်၊ မွေးနေ့ဆုတောင်းစကားများကိုလည်း ကျေးဇူးတင်စွာ လက်ခံရရှိခဲ့ပါသည်။ ဇူလိုင်လအတွင်း သွားရောက်ခဲ့သော ခရီးစဉ်များ၌ မိမိတတ်စွမ်းသမျှ ဖြည့်ဆည်းလုပ်ကိုင်ဆောင်ရွက်ပေးခြင်းဖြင့် မွေးနေ့ကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းနိုင်အောင် ကြိုးစားခဲ့ပါသည်။ အထူးသဖြင့် ဇူလိုင် ၂၅ ရက်က တပ်ကုန်းမြို့နယ် ဂွေးပင်စံပြကျေးရွာ၌ ရွာသူရွာသားများ၊ အဖွဲ့ဝင်များနှင့်အတူ လယ်ကွက်ထဲသို့ဆင်း၍ GW 11 စပါးမျိုးများ ကြဲပက်ပေးခွင့်ရခဲ့ခြင်းကတော့ ဘဝအတွက် အမှတ်တရ မွေးနေ့လက်ဆောင်ဟူ၍သာ...။ ။

## ထန်းတပင်မြို့နယ်၌ ဒိုးတောင်(ကွက်သစ်)၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ထန်းတပင် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒိုးတောင်(ကွက်သစ်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဩဂုတ် ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင် (လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ)နှင့် ဝန်ထမ်းများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းဖြစ်သော တွင်းနက်တူးဖော်ခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီ ပြီးစီးရေးအလေးထား ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ဒိုးတောင် (ကွက်သစ်) ကျေးရွာတွင် တွင်းအကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၃၀၀ ရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန်၂၄၀၀ ဆံ့ သံကူကွန်ကရစ် စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာပန့်သုံး ရေတင်စနစ် တပ်ဆင်ခြင်းတို့ကို ပြည်ထောင်စု ဘဏ္ဍာငွေကျပ် ၂၆၂၅၀၀၀၀ အသုံးပြုပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီး ဖြစ်ကြောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများက တာဝန်ယူ ဆောင်ရွက်မည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**ကိုညီ**
**(ကျေးလက်)**

## နတ်မောက်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**နတ်မောက် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် ပြည်သူများနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်လိုသည့်ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းက သရက်ချဉ်ကျေးရွာအုပ်စု သက်ရင်းတောကျေးရွာ၌ ပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဒုတိယ လ.ဝ.ကမှူး ဦးဘုန်းမြင့်မိုရ်မောင်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်လာရောက်ပြုလုပ်သူ အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၆ ဦး၊ အသက် ၁၈ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်သူ အမျိုးသားတစ်ဦး စုစုပေါင်း ၇၁ ဦးကို ပြုလုပ်ပေးခဲ့သည်။

နတ်မောက်မြို့နယ်တွင် ရပ်ကွက်ခုနစ်ရပ်ကွက်၊ ကျေးရွာပေါင်း ၂၃၄ ရွာရှိပြီး ကျန်ရှိနေသည့် ကျေးရွာများသို့ ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးတင့်ထံမှ သိရသည်။

**ဥမ္မာခင်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အသက်မွေးကျောင်းအထောက်အကူပြု စက်ချုပ်နည်းပညာအဆင့်မြင့် နှစ်လသင်တန်းဆင်းပွဲတက်ရောက်

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမ ကောလိပ်(မန္တလေး)တို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်အဆင့်မြင့် နှစ်လသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ အဆိုပါ ကောလိပ်တွင်ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီး၌ ဘွဲ့ရပညာတတ်များ၊ ကျွမ်းကျင်ပညာရှင်၊ ကျွမ်းကျင်လုပ်သားများ၊ အသက်မွေးဝမ်းကျောင်းပညာရှင်များ၊ လုပ်ငန်းရှင်များ သင်ကြားမွေးထုတ်နိုင်ရန်အတွက် အလေးထားဆောင်ရွက်ပေးနေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်စေရန် အရင်းမပျောက်မတည် ရန်ပုံငွေထူထောင်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်ယူထားသည့် ပညာရပ်တစ်ခုကို တန်ဖိုးထားကာ လက်တွေ့ဘဝတွင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန် ဆက်လက်လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ် ဒေါက်တာတင်မူအေးက ကျောင်း၏နောက်ခံသမိုင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းထူးချွန်ဆုနှင့် သင်တန်းသူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို လိုက်လံကြည့်ရှုသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းအုပ်၊ သင်ကြားရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျောင်း၏ လိုအပ်ချက်များ၊ ဆရာ ဆရာမများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



■ *ရှေ့ဖုံးမှ*

ပြင်ဆင်ခြင်း၊ ရပ်ကွက်ကြီး (၃)ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ ရပ်ကွက်ကြီး (၉)ရှိ အေးမြချမ်းသာ သီလရှင်ကျောင်း၊ ဂေါ်ရခါးကျောင်းနှင့် ဆင်လမ်းကျေးရွာရှိ ဓမ္မိကာရာမစာသင်တိုက်တို့၌ ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းခြင်း၊ ဂဲလောင်ချောင်း တစ်လျှောက် ဂန္ဓမာမြိုင်အဝိုင်းမှ မန္တလေး- လားရှိုးလမ်း AGD ဘဏ်အထိ ရေစီးရေလာကောင်းမွန်စေရေးတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ငူမြို့နယ် ပညာကျန်းမာငွေစုငွေချေး သမဝါယမအသင်းလီမိတက်က စုဆောင်းငွေပေါ်အတိုးနှင့် ပညာထူးချွန်ဆုငွေများ ပေးအပ်

**တောင်ငူ ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပညာကျန်းမာငွေစုငွေချေးသမဝါယမအသင်း လီမိတက်က အသင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်နှင့် လူမှုရေး၊ ကျန်းမာရေး ကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အသင်းမှ အသင်းသား ၁၉၅၀ အား စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၃၉ သိန်းကျော်၊ အစုပေါ် အမြတ်ငွေကျပ် ၁၀၅ သိန်းကျော်နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေကျပ် ခြောက်သိန်းကျော်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ်၌ Solar Pump ရေမီတာစနစ်ဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ဘူးသီးတောင် ဩဂုတ် ၂**

ဘူးသီးတောင်မြို့နယ်၌ Solar Pump ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလှိုင်ထံမှ သိရသည်။

ဘူးသီးတောင်မြို့နယ်တွင် Solar Pump ရေမီတာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းကို ဆင်စွယ်ရကျေးရွာတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၇၆ ဒသမ၂၀၃ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီမှ လုပ်ဆောင်သွားမည်ဖြစ်သည်။ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ဆင်စွယ်ရကျေးရွာတွင် အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်းကို စိမ့်စမ်းရေကို ရေဂါလန် ၅၀၀၀ ဆံ့ရေစင်မှတစ်ဆင့် သွယ်တန်းပြီး Solar Pump ရေမီတာစနစ်ဖြင့်ရေပေးရေး ဆောင်ရွက်သွား မည်ဖြစ်ရာ ကျေးရွာအတွင်းရှိ အိမ်ခြေ ၁၀၁ အိမ်၊ လူဦးရေ ၄၉၉ ဦးတို့ သောက်သုံးရေ လုံလောက် စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း**

## ရွှေတောင်မြို့နယ်၌ မိုးစပါးသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ

**ရွှေတောင် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် နွားမယ်ကျေးရွာအုပ်စု ကွင်းအမှတ် (၄၀၈) နွားမယ်ကွင်းအတွင်းရှိ တောင်သူဦးဌေးဝင်း၏ လယ်မြေ ၁၆ ဧကတွင် မိုးစပါးသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် လက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယမန်နံနက်ပိုင်းက ကျင်းပခဲ့သည်။**(ယာပုံ)**



အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး (အနောက်) တိုင်းဦးစီးမှူး ဦးစန်းလွင်၊ ခရိုင်စိုက် / ကြပ် ကော်မတီဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက် / ကြပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူး ရုံးအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး ကောက်စိုက်သမများ ကောက်စိုက်နည်းစနစ် ယှဉ်ပြိုင်စိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ကောက်စိုက်သမအဖွဲ့အား ဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်လာသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက မိုးစပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုကြကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# ပုသိမ်မြို့ မောင်းထောင်ကျောင်းပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တမာနိတာလင်္ကာရ၏ အန္တိမအဂ္ဂိစျာပနသဘင်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တမာနိတာလင်္ကာရ သက်တော်(၇၁)နှစ် သိက္ခာတော်(၅၁)ဝါ၏ အန္တိမအဂ္ဂိ စျာပနသဘင်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစာသင်တိုက်၌ ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပုသိမ်မြို့ မြောင်းမြကျောင်းပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ ရတနာဘိဝံသက မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်၏ ထေရုပ္ပတ္တိအကျဉ်းအား ဖတ်ကြားပူဇော်ခဲ့ပြီး တက်ရောက်လာကြသူများက ပုသိမ်မြို့ တိုက်ကြီးကျောင်းတိုက်ဆရာတော်ထံမှ မရဏာနုဿတိဓမ္မသံဝေဂဒေသနာတော်ကို နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ ဓမ္မမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းတိုက်သို့ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ ကျင်းကြီးတောင်ပေါ်တောရကျောင်း ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ ဓမ္မမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်းတိုက်၊ မြစေတီဘုန်းတော်ကြီးကျောင်းတိုက်၊ မြောက်ဦးမြို့နယ် ပေါင်းတုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ပေးခြင်းများ ဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လဟယ်မြို့၌ ဗုဒ္ဓဘာသာသင်တန်းကျောင်း ဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်

**လဟယ် ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ၂၇ အပတ်ကြာ ဗုဒ္ဓဘာသာ သင်တန်းကျောင်း ဓမ္မစကူးလ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက လဟယ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း သာသနာ့ပါလ ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြောင်း၊ ထို့နောက် သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဗဟိုသာသနာပြုခေါင်းဆောင် ဆရာတော်ဘဒ္ဒန္တသုမနအရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗဟိုသာသနာပြု ခေါင်းဆောင်ဆရာတော်က ဩဝါဒမိန့်ကြားကြောင်း၊ ထို့နောက် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူက ဂမ်းမြောက်ကြောင်း စကားလျှောက်ထားကြောင်း သိရသည်။

အဆိုပါ အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်း ဓမ္မစကူးလ် သင်တန်းကို ယခုအပတ်ကမှစ၍ ၂၇ ပတ်ကြာပို့ချသွားမည်ဖြစ်ပြီး KG တန်းမှ (Grade-7) အတန်းအထိ ကျောင်းသားကျောင်းသူ၃၆ဝကျော်တက်ရောက်နေကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**

## စစ်ကိုင်းတိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီ၊ မှိုစိုက်ပျိုးထုတ်လုပ်ရေးသင်တန်းဖွင့်

**မုံရွာ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီ၏ မှိုစိုက်ပျိုးထုတ်လုပ်ရေး အမှတ်စဉ်(၄/၂၀၂၂)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီအနေဖြင့် ရည်မှန်းချက်(၆)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ ရှစ်ခုကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးသည် အလုပ်သမားများ၏ လူမှုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေးတစ်ရပ်အနေဖြင့် သတ်မှတ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့်လည်း မဖြစ်မနေညှိနှိုင်းစီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယခုသင်တန်းတွင် မှိုစိုက်ပျိုးထုတ်လုပ်နည်းအပြင် မှိုမျိုးသန့်မွေးမြူနည်းကိုပါ ပို့ချပေးသွားမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် အတွေ့အကြုံ၊ နည်းပညာများကို ရယူပြီး ကိုယ်တိုင်မှိုမျိုးထုပ်များ ပြုလုပ်စိုက်ပျိုးနိုင်ကြမည်ဖြစ်သလို စီးပွားဖြစ်ထုတ်လုပ်ရောင်းချပါကလည်း တိုင်းဒေသကြီးအတွင်းရှိသည့် မှိုစိုက်ပျိုးလိုသူများအနေဖြင့် မှိုမျိုးထုပ်များကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း စိတ်ပါဝင်စားစွာလေ့လာသင်ယူကြရန်နှင့် တစ်ပိုင်တစ်နိုင် မှိုစိုက်ပျိုးထုတ်လုပ်ခြင်းမှ စီးပွားဖြစ် မှိုစိုက်ပျိုးထုတ်လုပ်သူများဖြစ်အောင် ကြိုးစားလေ့လာသင်ယူသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက သင်တန်းသား၊ သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ၊ မှိုမျိုးထုပ်များနှင့် Home Garden စိုက်ပျိုးရန်အတွက် ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်များအား ပေးအပ်ခဲ့ကြပြီး **(အောက်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြခန်းတွင်ပြသထားသော ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့် ပြသထားရှိမှုအား ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအား မှိုစိုက်ပျိုးနည်းသင်တန်း သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တောင်သူ ဝင်ငွေ တိုးပွားဖို့ ကော်ဖီစိုက်ပျိုးကြပါစို့

**အနံ့အရသာနှင့် ပြည့်စုံကာ အရည်အသွေးကောင်းမွန်သော မြန်မာ့ကော်ဖီကို ထုပ်ပိုးမှု ဒီဇိုင်းသစ်များနှင့် ပေါင်းစပ်လိုက်သောအခါ စားသုံးသူကို ဆွဲဆောင်နိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်တစ်ခု ဖြစ်လာသည်။ ဈေးကွက်အတွင်းတွင် မြန်မာ့ကော်ဖီ Brand အမျိုးမျိုးကို ထုပ်ပိုးမှုဒီဇိုင်းမျိုးစုံဖြင့် တွေ့မြင်လာနေရပြီး ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်ဝင်ရောက်နိုင်ပြီဖြစ်သည်။**

ရွှေယွန်း

ဈေးကွက်ဝင် တန်ဖိုးမြင့် High Value Crop သီးနှံတစ်ခုဖြစ်သည့် ကော်ဖီသီးနှံကို မြန်မာနိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေကို မူတည်၍၊ ဒေသ၏ ရေမြေရာသီဥတု အခြေအနေကို မူတည်၍ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်ကာ ရောဂါဒဏ်ခံနိုင်ရည်ရှိသော ကော်ဖီမျိုးများကို ရွေးချယ်စိုက်ပျိုးလာကြသည်။



### အရည်အသွေးကောင်း ကော်ဖီသီးနှံစိုက်ပျိုး

ကော်ဖီပင်သည် နှစ်ရှည်ပင် ဖြစ်သည့်အတွက် တစ်ခါစိုက်ပျိုးပြီး အပင်ဖြစ်ထွန်းပါက သားသမီးမြေးမြစ်ထိတိုင် ဝင်ငွေရမည့် နှစ်ရှည်သီးနှံပင်မျိုးဖြစ်သည်။ ထို့သို့နှစ်ရှည် ဝင်ငွေရရှိနိုင်ပြီး အရည်အသွေးကောင်း ကော်ဖီသီးနှံကို စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးတောင်သူဝင်ငွေ တိုးတက်ရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

မြန်မာ့ကော်ဖီအရည်အသွေး ပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်၊ ကော်ဖီကို မြန်မာနိုင်ငံ၏ အဓိကပို့ကုန်ဖြစ်လာစေရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ပျိုးပင်ပျိုးထောင် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကော်ဖီ-ရာသီသီးနှံ ဌာနခွဲမှ ဆောင်ရွက်လျက်ရှိသည်။

### အသိမှတ်ပြုလက်မှတ်များ ရရှိရေးဆောင်ရွက်လျက်ရှိ

ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးစံပြကွက်များနှင့် အသုံးချသုတေသန စမ်းသပ်ကွက်အမျိုးမျိုးတို့ကို ဌာနမှ စိုက်ပျိုးပြသလျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးထုတ်ကုန်များအား ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်နိုင်ရေးနှင့် စားသောက်ကုန်များတွင် ဓာတုဓာတ်ကြွင်းများ မကျန်ရှိစေရေးတို့အတွက် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် သင်တန်းများကို ပို့ချပေးလျက်ရှိကာ ၎င်းလုပ်ငန်းစဉ်များအတိုင်းလိုက်နာပြီး စိုက်ပျိုးထုတ်လုပ်သော ကော်ဖီစိုက်ခင်းများ၊ ကော်ဖီ GAP အသိမှတ်ပြုလက်မှတ်များ ရရှိရေးတို့ကိုလည်း ကူညီဆောင်ရွက်လျက်ရှိသည်။

ကော်ဖီမျိုးစိတ် (Species) ပေါင်းများစွာရှိနေသော်လည်း ကုန်းမြင့်ကော်ဖီဖြစ်သည့် အာရေးဗီးကား၊ မြေနိမ့်ကော်ဖီဖြစ်သည့် ရိုဘတ်စတာ၊ လိုက်ဘရီကာ၊ အိတ်ဆယ်စာ စသည့် ကော်ဖီမျိုးစိတ်လေးမျိုးကိုသာ ကမ္ဘာပေါ်တွင် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း ယင်းကော်ဖီမျိုးစိတ် လေးမျိုးကို ဒေသ၏ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေနှင့် ရေ၊ မြေ၊ ရာသီဥတုအခြေအနေပေါ် မူတည်ကာ ကုန်းမြင့်ကော်ဖီ၊ မြေနိမ့်ကော်ဖီဟူ၍ ခွဲခြားစိုက်ပျိုးလျက် ရှိသည်။

"ဌာနအနေနဲ့ ကော်ဖီစိုက်တောင်သူတွေအတွက် ပညာပေးရေးလုပ်ငန်းများ၊ ကွင်းဆင်းကြီးကြပ်ခြင်းလုပ်ငန်းများကို ၁၂ လရာသီစလုံး လအလိုက်အချိန်ဇယားတွေ ရေးဆွဲပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအနေနဲ့ ဧပြီလမှာ ကော်ဖီ စိုက်ခင်းသစ်တည်ထောင်လိုသူတွေအတွက် မြေပြင်ခြင်းနဲ့ စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သင်တန်းတွေ၊ ကော်ဖီခင်းဟောင်းပိုင်ရှင်တွေအတွက် ကိုင်းဖြတ်ပုံသွင်းခြင်း၊ နေရောင်ခြည်နဲ့ လေဝင်လေထွက်ကောင်းအောင် ကော်ဖီပင်ကို လိုအပ်သလို ပြုပြင်ပေးခြင်းဆိုင်ရာ သင်တန်းတွေ၊ မေလနဲ့ ဇွန်လတွေမှာ ခင်းသစ်စိုက်ပျိုးခြင်းနဲ့ ခင်းဟောင်းတွေ ပြုပြင်ဖာထေးစိုက်ပျိုးခြင်းဆိုင်ရာသင်တန်းတွေ၊ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ ပေါင်းနှိမ်နင်းခြင်း၊ မြေဩဇာကျွေးခြင်းနဲ့ အပင်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာသင်တန်းတွေ ပေးနေပါတယ်။ အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ ဆီးမိုးနေကာအုံ ပြုလုပ်ခြင်းစတဲ့ ရာသီအလိုက်နည်းပညာပေးခြင်းလုပ်ငန်းတွေနဲ့ ကော်ဖီသီးစနစ်တကျ ခူးဆွတ်၊ ကြိတ်ခွဲခြင်းနဲ့ ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာပညာပေးခြင်းနဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် အလေ့အကျင့်ကောင်းတွေ လိုက်နာကျင့်သုံးရေး ပညာပေးခြင်းနဲ့ ကြီးကြပ်ခြင်းလုပ်ငန်းတွေ လုပ်ဆောင်ပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံ ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

မြန်မာ့ကော်ဖီကို Brand တစ်ခု အနေဖြင့် ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် ယခုထက် ပိုမိုထိုးဖောက်ဝင်ရောက်နေရာရရှိရေး၊ ပြည်ပသို့ အဓိကတင်ပို့သည့် ထုတ်ကုန်တစ်ခုဖြစ်လာစေရေးအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်းပြည်ပသို့တင်ပို့ရောင်းဝယ်မှု၊ ပြုပြင်ထုပ်ပိုးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပနိုင်ငံများ၏ ကော်ဖီဈေးကွက်နှင့် ချိတ်ဆက်မှု စသည်ဖြင့် ကော်ဖီသီးနှံထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး အရှိန်အဟုန်ကောင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်စပ်နေသော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ မြန်မာနိုင်ငံကော်ဖီအသင်းနှင့် အဖွဲ့အစည်းများပါဝင်သော ကော်ဖီဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

### နည်းပညာများ ပို့ချပေးလျက်ရှိ

စိုက်ပျိုးရေးဦးစီးဌာနအောက်တွင် မြန်မာ့ကော်ဖီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဌာနပိုင်ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံများသည် ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနအပါအဝင် ၁၂ ခြံရှိသည်။ နိုင်ငံပိုင် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံများသည် အစိုးရနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာ စီးပွားဖြစ် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံပိုင် ခြံများ၏ စုစုပေါင်း စိုက်ပျိုးထုတ်လုပ်မှု ဧရိယာမှာ ၃၉၂ ဒသမ ၇၈၈ ဟက်တာရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ယင်းကော်ဖီခြံများမှ ပြည်ပသို့ တင်ပို့ရောင်းချရန်နှင့် ပြည်တွင်းစားသုံးမှု ဖြည့်ဆည်းရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့်အပြင် ကော်ဖီစိုက်ပျိုးသူများထံ မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် ပျိုးပင်များ ဖြန့်ဖြူးပေးခြင်းနှင့် နည်းပညာများပို့ချပေးခြင်းတို့ကိုပါ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးပြီး ဧရိယာစုစုပေါင်း ၂၀၂၃၄ ဟက်တာ (၅၀၀၀၀ ဧက) ခန့်ရှိပြီး ထုတ်လုပ်မှုဧရိယာမှာ ၁၂၂၆၂ ဟက်တာ (၃၀၃၀၀ ဧက) ခန့် ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကော်ဖီဆံထွက်ရှိမှုသည် တန်ချိန် ၁၀၀၀၀ ခန့်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

### ကော်ဖီပင်သည် နှစ်ရှည်သီးနှံဖြစ်

"ကော်ဖီခြံတည်ထောင်ရာမှာ မှန်ကန်သည့် စိုက်ပျိုးရေးနည်းစနစ်ကိုအသုံးပြု၍ လုံလောက်သည့်ငွေကြေးရင်းနှီးမြှုပ်နှံမှုကို ထည့်ကာ တစ်ကြိမ်တည်းနဲ့ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးဟာ အရေးကြီးပါတယ်။ သို့မှသာ စတင်စိုက်ပျိုးသည်မှ သုံးနှစ်အကြာမှာ ကော်ဖီသီးမှည့်များ စတင်ဆွတ်ခူးရရှိမှာ ဖြစ်ပါတယ်။ ကော်ဖီပင်သည် နှစ်စဉ်အပင်ထိန်းသိမ်းစရိတ် အသင့်အတင့်သာ ထည့်ရန်လိုအပ်ကာ အကျိုးအမြတ် ပုံမှန်ရရှိစေသော နှစ်ရှည်သီးနှံဖြစ်ပါတယ်။

**❖ မြန်မာနိုင်ငံတွင်လည်း ယင်းကော်ဖီမျိုးစိတ် လေးမျိုးကို ဒေသ၏ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေနှင့် ရေ၊ မြေ၊ ရာသီဥတုအခြေအနေပေါ် မူတည်ကာ ကုန်းမြင့်ကော်ဖီ၊ မြေနိမ့်ကော်ဖီဟူ၍ ခွဲခြားစိုက်ပျိုးလျက်ရှိသည်**

**❖ ကော်ဖီမျိုးစိတ် (Species) ပေါင်းများစွာရှိနေသော်လည်း ကုန်းမြင့်ကော်ဖီဖြစ်သည့် အာရေးဗီးကား၊ မြေနိမ့်ကော်ဖီဖြစ်သည့် ရိုဘတ်စတာ၊ လိုက်ဘရီကာ၊ အိတ်ဆယ်စာ စသည့် ကော်ဖီမျိုးစိတ် လေးမျိုးကိုသာ ကမ္ဘာပေါ်တွင် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရသည်**

*စာမျက်နှာ ၁၁ သို့*

# ပြည်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံမိုးနေကြာလျာထား စိုက်ပျိုးထား

**ပြည် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ပြည်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆီထွက်သီးနှံမိုးနေကြာလျာထားဧက ၁၆၀ စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းဆီထွက်သီးနှံမိုးနေကြာလျာထားဧက ၁၆၀ ကို ပြည်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၅ အုပ်စုရှိ တောင်သူများ၏ လယ်ယာမြေများတွင် သီးညှပ်စိုက်ပျိုးခြင်း အပါအဝင် သီးသန့်စိုက်ခင်းများဖြင့်လည်း စိုက်ပျိုးထားရှိကြောင်းနှင့် စိုက်ခင်းများအား ပိုးမွှားများကင်းစင်ပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးအပါအဝင် စနစ်တကျစိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ခင်းများအရောက်ကွင်းဆင်း၍ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်မြို့နယ်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ယခုနှစ်မိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် မိုးနေကြာ၊ မြေပဲနှင့် နှမ်း အစရှိသည့်ဆီထွက်သီးနှံများကို လျာထားချက်ပြည့်မီကျော်လွန် တိုးချဲ့စိုက်ပျိုးနိုင်ရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနဆိုင်ရာများပူးပေါင်းကာ ကျေးရွာများအရောက်ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများနှင့် အသိပညာပေးဆွေးနွေးပွဲများ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။



**ကိုဆက်**
**(ပြန်/ဆက်)**

# ပူတာအိုမြို့၌ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (၂/၂၀၂၂) ဖွင့်

**ပူတာအို ဩဂုတ် ၂**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကချင်ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၏အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းဆပ်ကော်မတီနှင့် Beulah Land လူမှုကူညီရေးအသင်းတို့ ပူးပေါင်းမှုဖြင့် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း (၂/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်(၂) ရဝမ်နှစ်ခြင်းအသင်းတော်ဘုရားကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၏အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်စောလင်းက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် လုပ်ငန်းကော်မတီရှစ်ရပ်ဖွဲ့စည်းပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်စီမံချက်ကို သက်ဆိုင်ရာကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ မိမိတို့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးကော်မတီအနေဖြင့်လည်း လုပ်ငန်းများကို အင်တိုက်အားတိုက်အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် သင်တန်းသားများအနေဖြင့် ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြ ဆရာဦးထွန်းထွန်းနိုင်က အခြေခံလျှပ်စစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပုံ၊ လျှပ်စီးပတ်လမ်း၊ လျှပ်စစ်ဝိုင်ယာနှင့် ကေဘယ်လ်ကြိုးများ၊ လျှပ်စစ်ပစ္စည်းများ၊ အိမ်တွင်းလျှပ်စစ်တွက်ချက် သွယ်တန်းပုံအဆင့်ဆင့်၊ လျှပ်စစ်သွယ်တန်းခြင်း လက်တွေ့ဆောင်ရွက်ပုံအဆင့်ဆင့်၊ လျှပ်စစ်တိုင်းတာရေးမီတာများ၊ နေရောင်ခြည်သုံးစွမ်းအင်၊ အိမ်တွင်းလျှပ်စစ်ပစ္စည်းများတည်ဆောက်ပုံ၊မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲတပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့ကို ပူတာအိုနှင့်မချမ်းဘော့မြို့နယ်ရှိ ကျေးရွာရှစ်ရွာမှ သင်တန်းသား ၃၅ ဦးအား သင်တန်းကာလတစ်လကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်**
**(ပူတာအို)**

# မောင်တောမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေး

**မောင်တော ဩဂုတ် ၂**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်ရှိန်ဦးဆောင်၍ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဩဂုတ် ၁ ရက်က အဆင့်(၂) ပန်းခင်းစီမံချက်ဖြင့် အခြေခံပညာအထက်တန်း (၄)မိုင်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မောင်တောမြို့နယ်ရုံးမှ ဝန်ထမ်းများက အဆင့်(၂) ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ခဲ့သော အခြေခံပညာ အထက်တန်းကျောင်း (၄)မိုင်ရှိ ကျောင်းသား ၄၅ ဦးနှင့် ကျောင်းသူ ၅၇ ဦး စုစုပေါင်း ၁၀၂ ဦးအား အသက် ၁၀ နှစ်ပြည့် နှင့် အသက် ၁၈ နှစ်ပြည့်မည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးခြင်းများကို ကျန်ရှိမှုမရှိစေရေး သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး၊ တာဝန်ရှိသူများနှင့် ပူးပေါင်းကာကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး**
**(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

"အခုအခါ မြန်မာကော်ဖီကို နိုင်ငံတကာဈေးကွက်အထိ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိပြီး ပြည်တွင်းသဘာဝကော်ဖီသောက်သုံးမှုဟာ နှစ်စဉ်မြင့်တက်လာလျက် ရှိပါတယ်။ ကော်ဖီလိုအပ်ချက်မြင့်မားနေတာဖြစ်တဲ့အတွက် လက်ရှိထုတ်လုပ်မှုနဲ့ မလုံလောက်ဘူး။ ကော်ဖီစိုက်ခင်းသစ်တွေ အများကြီးတိုးချဲ့တည်ထောင်နိုင်မှသာ ကော်ဖီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မယ့်အနေအထားမျိုး ဖြစ်ပါတယ်" ဟု ပြင်ဦးလွင်မြို့ Blue Mountain ကော်ဖီခြံပိုင်ရှင် ဦးမျိုးနိုင်က ပြောသည်။

**အပူဒဏ်နှင့် ရေငတ်ဒဏ်ခံနိုင်သောမျိုးများ စိုက်ပျိုးသင့်**

ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးရာတွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၃၀၀ တွင်ရှိသော တောင်တန်းနှင့် တောင်ကုန်းဒေသများတွင် အာရေးဗီးကားကော်ဖီမျိုးစိတ် အားလုံးနီးပါး စိုက်ပျိုးဖြစ်ထွန်းသော်လည်း ပေ ၃၃၀၀ အောက် နိမ့်သော ဒေသများတွင် အပူဒဏ်နှင့် ရေငတ်ဒဏ် ခံနိုင်သော မျိုးများကို စိုက်ပျိုးသင့်ကြောင်း ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ကော်ဖီစိုက်တောင်သူများကို အကြံပြုလမ်းညွှန်ထားသည်။

ကော်ဖီသည် ကမ္ဘာ့ဈေးကွက်တွင် ရေနံပြီးလျှင် ကုန်သွယ်မှုအများဆုံးဖြစ်သည်။ အနံ့နှင့်အရသာကောင်းမွန်လျှင် ဈေးကောင်းရသည့်အတွက် မြန်မာကော်ဖီ ဖွံ့ဖြိုးရေးအတွက် နေရာဒေသနှင့်ကိုက်ညီသည့် မျိုးရွေးချယ်မှု မှန်ကန်ရမည်ဖြစ်သည်။ ကော်ဖီ စိုက်ပျိုးရာတွင် အရိပ်ပင်အမျိုးအစား/ အရေအတွက် မှန်ကန်စွာထည့်သွင်းစိုက်ပျိုးရမည်။ ကော်ဖီသီးမှည့်ခူးရာတွင် ကော်ဖီဆန် (အစိမ်းရောင်ရှိသဖြင့် Coffee Green Bean ဟု ခေါ်ပါသည်) ရသည်အထိ အဆင့်ဆင့်ထုတ်လုပ်မှုသည် အရေးအပါဆုံးဖြစ်၍ ရိတ်သိမ်းချိန်လွန်နည်းစနစ်မှန်ကန်ရန် လိုအပ်သည်။

**အစုအဖွဲ့ဖွဲ့၍ ဆောင်ရွက်သင့်**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကော်ဖီအသင်းတို့မှ ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက်လုံးနှင့်သက်ဆိုင်သည့် သင်တန်းအသီးသီးသို့ တက်ရောက်လေ့လာဆည်းပူးသင့်ကြောင်း၊ ကော်ဖီခင်းများသည် သီးနှံ သစ်တောရောနှောစိုက်ခင်းများဖြစ်သည့်အတွက် သဘာဝခရီးသွားများကို စိတ်ချမ်းမြေ့စရာနေရာများဖြစ်သဖြင့် ဝင်ငွေတိုးစေရန် Ecotourism ပူးတွဲအကောင်အထည်ဖော်သင့်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်မှုဖြစ်စေရန် ကော်ဖီလုပ်ငန်းများသည် စုပေါင်းလုပ်ကိုင်သည့် အစုအဖွဲ့ စိုက်ပျိုးကုန်ထုတ်သမများဖွဲ့စည်း၍ ဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ နာယက ဦးရဲမြင့်က အကြံပြုပြောကြားသည်။

အများအားဖြင့် ကုန်းမြင့်ကော်ဖီမျိုးများကို ရှမ်းပြည်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများ၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်နှင့် ပြင်ဦးလွင်၊ မကွေးတိုင်းအနောက်ခြမ်းရှိ နတ်ရေကန်တောင်တန်း စသည့်ဒေသများတွင် စိုက်ပျိုးမှုများပြီး မြေနိမ့်ကော်ဖီမျိုးများကို ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြသည်။

အာရေးဗီးကားကော်ဖီမျိုးကို ပင်ကြား၊ တန်းကြား ၄ ပေx ၈ ပေဖြင့် စိုက်ပျိုးလျှင် တစ်ဧက အပင် ၁၃၆၀ ဝင်ဆံ့ပြီး ရိုဘတ်စတာကော်ဖီမျိုးသည် ပင်ကြား၊ တန်းကြား ၁၀ ပေx ၁၀ ပေဖြင့် တစ်ဧကလျှင် ၄၃၅ ပင် ဝင်ဆံ့သည်။ မြန်မာနိုင်ငံတွင် အာရေးဗီးကားကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် အများဆုံးဖြစ်ပြီး အာရေးဗီးကားကော်ဖီ ၈၀ ရာခိုင်နှုန်း ရှိကာ ရိုဘတ်စတာကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀ ရာခိုင်နှုန်း ရှိသည်။

**စိုက်ပျိုးတောင်သူများထံ အခမဲ့ဖြန့်ဝေလျက်ရှိ**

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၈၀၀ မှ ၅၈၀၀ ကြားရှိသည့် ဒေသများတွင်သာ စိုက်ပျိုးသင့်သော အရည်အသွေးမြင့်ကော်ဖီမျိုးများ၊ ပင်လယ်ပြင် မျက်နှာပြင်အထက် အမြင့်ပေ ၃၃၀၀ မှ ၃၈၀၀ အတွင်း စိုက်ပျိုးသင့်သည့် ကော်ဖီမျိုးများ၊ အပူဒဏ်နှင့် ရေငတ်ဒဏ် ခံနိုင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၃၀၀ အောက်တွင် စိုက်ပျိုးသင့်သည့် ကော်ဖီမျိုးများ၊ မြေနိမ့်ပိုင်းဒေသတွင်သာ စိုက်ပျိုးသင့်သည့် ကော်ဖီမျိုးများနှင့် လေပြင်းတိုက်ခတ်၍ မိုးများသောဒေသတွင် စိုက်ပျိုးသင့်သည့် ကော်ဖီမျိုးများဟူ၍ အကြမ်းအားဖြင့် ကော်ဖီမျိုးများကို ပင်လယ်ရေမျက်နှာပြင် အမြင့်ပေအလိုက် ခွဲခြား၍ ကော်ဖီစိုက်တောင်သူများစိုက်ပျိုးနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ကော်ဖီ စိုက်ပျိုးမှုပတ်ဝန်းကျင်ဇုန် စာအုပ်ကို စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ဝေကာ စိုက်ပျိုးတောင်သူများထံ အခမဲ့ဖြန့်ဝေလျက်ရှိသည်။

"မြန်မာနိုင်ငံမှာ စိုက်ပျိုးထုတ်လုပ်နေသော အာရေးဗီးကားကော်ဖီမျိုး ၂၆ မျိုးရှိပြီး မှတ်ပုံတင်ပြီးမျိုး ၁၆ မျိုး ရှိပါတယ်။ အာရေးဗီးကားကော်ဖီမျိုးတွေကို မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တွေမှာ အများဆုံးစိုက်ပျိုးထားပြီး အဲဒီဒေသတွေမှာ မျိုးအနေနဲ့ SL-28, SL-34,S-795, Catuai, Caturra, Catimor, P-88 နဲ့ P-90 မျိုးတွေကို အများဆုံးစိုက်ပျိုးလေ့ရှိတယ်။ ကုန်းမြင့်ကော်ဖီမျိုးတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ရိုဘတ်စတာကော်ဖီမျိုးတွေမှာ ဒေသမျိုးတွေအပါအဝင် ၁၀ မျိုးကျော်ခန့်ရှိပါတယ်။ ရိုဘတ်စတာကော်ဖီမျိုးတွေကို ကရင်ပြည်နယ်မှာ အများဆုံးစိုက်ပျိုးတာကို တွေ့ရှိရပြီးတော့ မျိုးအနေနဲ့ ဒေသမျိုးတွေဖြစ်တာကို တွေ့ရှိရပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ရှင်းပြသည်။

ကော်ဖီသီးနှံများကို စိုက်ပျိုးရာတွင် မက္ကဒေးမီးယား၊ ပိန္နဲ၊ တညင်း၊ ထောပတ်၊ မျောက်ငိုစသည့် စားသုံးသီးပင်များကို အရိပ်ပင်အဖြစ်ထည့်သွင်းစိုက်ပျိုးခြင်းဖြင့်လည်း ဝင်ငွေထပ်မံရရှိနိုင်သည်။ ထို့ကြောင့် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် ထုတ်လုပ်မှုတိုးတက်ကာ ပြည်တွင်းကော်ဖီသောက်သုံးမှုအတွက် ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်ပဈေးကွက်ပိုမိုရရှိအောင် ကြိုးပမ်းကြခြင်းဖြင့် ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးပွားလာစေမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၂၅ | ၁၇၇၀ | ၁၇၆၅ | ၁၇၃၀ | ၁၇၇၀ | ၁၇၉၀ | ၁၇၇၅ | ၁၇၅၅ | ၁၈၅၀ | ၁၈၆၅ | ၁၇၆၀ | ၁၇၇၀ | ၁၈၀၅ | ၁၈၀၅ | ၁၈၁၀ | ၂၀၂၅ | ၂၆၈၀ |
| 95 Ron | ၁၇၈၅ | ၁၈၃၅ | ၁၈၃၀ | ၁၇၉၅ | ၁၈၃၀ | ၁၈၅၅ | ၁၈၄၀ | ၁၈၂၀ | ၁၉၁၅ | ၁၉၃၀ | ၁၈၂၅ | ၁၈၄၀ | ၁၈၇၀ | ၁၈၇၀ | ၁၈၇၀ | ၂၀၉၀ | ၂၇၄၀ |
| HSD (500 ppm) | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၇၀ | ၂၀၃၅ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၁၀ | ၃၀၃၅ |
| HSD (50 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၆၅ | ၃၀၆၅ |
| HSD (10 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၆၅ | ၃၀၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၃၃ | ၁၆၉၉ |
| 95 Ron | ၁၆၉၅ | ၁၇၆၃ |
| HSD (500 ppm) | ၁၉၀၇ | ၁၉၇၄ |
| HSD (50 ppm) | ၁၉၆၂ | ၂၀၃၁ |
| HSD (10 ppm) | ၁၉၆၂ | ၂၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂**

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်သို့ လာရောက်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေ ၁၆၁ သိန်းကို ချီးမြှင့်ပေးအပ်ကြရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းမှူးဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။





ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်း သိမ်းဆည်းရမိ အခြေအနေများအား ခင်းကျင်းပြသထားသည်များကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြောင်းမြမြို့၌ တောင်သူများအား သွင်းအားစုထောက်ပံ့ပေးအပ်ပွဲနှင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**မြောင်းမြ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကံကြီးကျေးရွာရှိ တောင်သူဦးမိုးဝင်း၏ လယ်မြေတွင် စိုက်ပျိုးရေးဦးစီးဌာနက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲနှင့် တောင်သူများအား သွင်းအားစုထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုးစပါး တင်း ၁၀၀ နှင့်အထက်ထွက်ရှိရေး ဧက ၁၀၀ စံပြကွက်ပါ တောင်သူများအား သွင်းအားစု ကွန်ပေါင်းမြေသြဇာနှင့် စိုက်ပျိုးစရိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မိုးစပါး (Rs- Cs) မျိုးစေ့ထုတ်စိုက်ခင်းအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသည့် သရုပ်ပြပွဲကိုပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို မြောင်းမြမြို့ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ကိုနိုင်၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြောင်း သိရသည်။

မြောင်းမြခရိုင်(ပြန်/ဆက်)



## စားသုံးဆီပိဿာ ၆၀၀ ကျော် ပြည်သူများလက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**ဇေယျာသီရိ ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်စားသုံးသူရေးရာဦးစီးဌာနမှ ဆီကုန်သည်အသင်းဝင်များဖြင့် ပူးပေါင်း၍ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ သွားရောက်၍ ယနေ့နံနက်ပိုင်းမှစတင်ကာ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါရောင်းချမှုတွင် နေပြည်တော်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောမာလာနွယ်၊ ပျဉ်းမနားမြို့ အာဟာရသုခဈေးမှ ဆီကုန်သည်အသင်းဝင် ဦးပြည့်ဖြိုးအောင် (ကိုပြည့်ဖြိုးအောင် + မနန်းနေခြည်ဦး)ဆီပွဲရုံမှ ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက်သို့ သွားရောက်၍ ပြည်သူများအား မီးဖိုချောင်သုံး ဆီဈေးနှုန်းသက်သာစွာဖြင့် စားသုံးသူလက်ဝယ်အရောက် ရောင်းချပေးလျက်ရှိရာ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀ နှုန်း၊ တစ်ဦးလျှင် တစ်ပိဿာနှုန်းဖြင့် ဆီပိဿာချိန် ၆၆၀ ရောင်းချပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အယ်ကေးဒါးခေါင်းဆောင် အီမင်န် အယ်လ်ဇာဝါဟီရီသေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကြေညာ

ဝါရှင်တန် ဩဂုတ် ၂

**အယ်ကေးဒါးခေါင်းဆောင် အီမင်န် အယ်လ်ဇာဝါဟီရီသေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကြေညာခဲ့သည်။**

ဇူလိုင် ၃၁ ရက်က အာဖဂန်မြို့တော် ကာဘူးလ်၌ အမေရိကန်ဒရုန်းတိုက်ခိုက်မှုအတွင်း အီမင်န်အယ်လ်ဇာဝါဟီရီ အသတ်ခံခဲ့ရကြောင်းနှင့် အယ်ကေးဒါးခေါင်းဆောင်ဟောင်း အသတ်ခံခဲ့ရပြီး ဆယ်စုနှစ်တစ်စု ကြာပြီးနောက် နောက်ထပ် ခေါင်းဆောင်တစ်ဦးကို ထပ်မံသုတ်သင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုတရားမျှတမှု ရှိလာပြီဖြစ်ကြောင်း၊ ၎င်းအကြမ်းဖက်ခေါင်းဆောင် နောက်ထပ်ရှိတော့မည် မဟုတ်ကြောင်း၊ ကမ္ဘာတစ်ဝန်း နေထိုင်သူများသည် ရက်စက်ကြမ်းကြုတ်ပြီး အကြံအစည်ကြီးသည့် လူသတ်သမားကို ထပ်မံကြောက်စရာမလိုတော့ကြောင်း၊ ထို့အပြင် အရပ်သား အသေအပျောက်ရှိတော့မည် မဟုတ်ကြောင်း ဘိုင်ဒင်က ဩဂုတ် ၁ ရက်တွင် ပြောခဲ့သည်။

အီဂျစ်ဇာတိဖွား အီမင်န်အယ်လ်ဇာဝါဟီရီသည် အသက် ၇၁ နှစ်ရှိပြီ ဖြစ်သည်။ ၎င်းသည် အယ်ကေးဒါးအဖွဲ့သို့ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဝင်ရောက်ခဲ့ပြီး ငွေကြေးကိစ္စရပ်များကို စီမံခန့်ခွဲခဲ့သလို အခြေခံအကြမ်းဖက်မှုဝါဒများကို ချမှတ်ခဲ့သည်။

၎င်းသည် ၉/၁၁ တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ်တွင် အိုစမာဘင်လာဒင်ကို သုတ်သင်သတ်ဖြတ်ခဲ့ချိန်ကတည်းက ၎င်းသည် အယ်လ်ကေးဒါးအဖွဲ့၏ ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ဖွယ်ရှိသည်။

အယ်လ်ကေးဒါးအဖွဲ့သည် အာဖဂန်နစ္စတန်ရှိ တာလီဘန်ခေါင်းဆောင်များနှင့် နီးကပ်သော အဆက်အသွယ်ရှိသည်ဟု ပြောကြသည်။



အယ်ကေးဒါးခေါင်းဆောင် အီမင်န် အယ်လ်ဇာဝါဟီရီ။

အမေရိကန်တို့ အာဖဂန်နစ္စတန်နိုင်ငံတွင်းမှ ဆုတ်ခွာရေးနှင့် ပတ်သက်ပြီး အီမင်န် အယ်လ်ဇာဝါဟီရီနှင့် အမေရိကန်တို့ ဆွေးနွေးခဲ့သည့် ရုပ်သံဖိုင်ကို တာလီဘန်တို့က လွန်ခဲ့သောနှစ်က အွန်လိုင်းပေါ်သို့ လွှင့်တင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာရှခရီးစဉ်အတွင်း အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီ မလေးရှားနိုင်ငံသို့ရောက်ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂**

အမေရိကန်အောက် လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီသည် အာရှခရီးစဉ် ဒုတိယခရီးတစ်ထောက်အဖြစ် ဩဂုတ် ၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူသို့ ရောက်ရှိလာခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြခဲ့သည်။

ပယ်လိုစီသည် မလေးရှားဝန်ကြီးချုပ်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ နှင့် မတွေ့ဆုံမီ မလေးရှားလေတပ် အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင် ဘာနားမားသတင်းအေဂျင်စီ၌ ဖော်ပြခဲ့သည်။



မလေးရှားနိုင်ငံ ကွာလာလမ်ပူရှိ လွှတ်တော်သို့ ရောက်ရှိလာသော အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီ။

စင်ကာပူနှင့် မလေးရှားခရီးစဉ်ပြီးနောက် နောက်ထပ်ခရီးစဉ်များအဖြစ် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီသည် ကွာလာလမ်ပူတွင် တစ်ညတာနေမည် မဟုတ်ကြောင်း လေဆိပ်သို့ ပြန်လည်ထွက်ခွာမည် ဖြစ်ကြောင်း ပယ်လိုစီနှင့် နီးကပ်သော သတင်းရင်းမြစ်အရ သိရသည်။

အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက နန်စီပယ်လိုစီအနေဖြင့် သူနှစ်သက်သဘောကျသည့် နေရာသို့ သွားရောက်မည် ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

**ဘာနားမား၊ ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံတစ်ဝန်း မုတ်သုံမိုးကြောင့် သေဆုံးသူ ၄၇၈ ဦးအထိ ရှိလာ

**အစ္စလမ္မာဘတ် ဩဂုတ် ၂**

ပါကစ္စတန်နိုင်ငံတစ်ဝန်း မုတ်သုံရာသီ မိုးရွာသွန်းမှုနှင့် ဆက်စပ်သေဆုံးသူ အရေအတွက်သည် လွန်ခဲ့သော သီတင်းပတ်ခုနစ်ပတ်ခန့်က ၄၇၈ ဦးအထိ ရှိလာခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေး အာဏာပိုင် (အင်န်ဒီအမ်အေ)က ဩဂုတ် ၂ ရက်က ထုတ်ပြန်ခဲ့သည်။

မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်ရပ်များတွင် ဒဏ်ရာရရှိသူ ၅၃၆ ဦးအထိ ရှိလာပြီဖြစ်သည်။ ဇွန် ၁၄ ရက်ကတည်းက အဆက်မပြတ် ရွာသွန်းခဲ့သော မိုးကြောင့် မိသားစုထောင်ချီဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း အင်န်ဒီအမ်အေ၏ စာရင်းဇယားများတွင် ဖော်ပြထားသည်။

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်သည် ရေဘေးဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော ပြည်နယ်တစ်ခုဖြစ်ပြီး ၁၃၆ ဦး သေဆုံးခဲ့ကာ နေအိမ်ပေါင်း ၁၃၅၃၅ လုံး တစ်စိတ်တစ်ပိုင်းသို့မဟုတ် အပြည့်အဝပျက်စီးခဲ့သည်။ ထို့အတူ မွေးမြူရေးတိရစ္ဆာန်ပေါင်း ၁၃၀၀၀ ခန့် သေဆုံးခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် ဝန်ကြီးချုပ်ရှာဘတ်ဇ်ရှာရစ်ဖ်က အဆိုပါပြည်နယ်၌ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ဗဟိုအစိုးရနှင့် ပြည်နယ်အဖွဲ့အစည်းများ ပါဝင်လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွား ကိုးဦးသေဆုံးကာ၊ ရှစ်ဦးပြင်းထန်ဒဏ်ရာရ

မွမ်ဘိုင်း ဩဂုတ် ၂

**အိန္ဒိယနိုင်ငံအလယ်ပိုင်း မက်ဒရာပရာဒက်ရှ် ပြည်နယ်ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားရာ ကိုးဦးထက်မနည်း သေဆုံးပြီး ရှစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**

### ကယ်ဆယ်ရေးဆောင်ရွက်

မွမ်ဘိုင်းမြို့နှင့် ၁၀၄၉ ကီလိုမီတာခန့်အကွာ ဂျေဘဲလ်ပါရှိ သုံးထပ်ဆေးရုံတစ်ရုံအတွင်း၌ လူ ၁၅၀ ခန့် ရှိဖွယ်ရှိပြီး ပိတ်မိနေသူအားလုံးကို ကယ်ထုတ်ပြီးဖြစ်ကြောင်း ဂျေဘဲလ်ပါရဲမှူးချုပ် အက်ခ်ဟီလက်ချ်ဂေါ်လ်က ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ပထမထပ်မှာ လုံးဝထိခိုက်ပျက်စီးသွားကြောင်း အဆိုပါ ရဲမှူးချုပ်က ဆက်ပြောသည်။

အဆိုပါ မီးလောင်မှုသည် ဝိုင်ယာရှော့ကြောင့် ဖြစ်နိုင်ဖွယ်ရှိပြီး အခင်းဖြစ်ပွားရာသို့ မီးသတ်သမားများ စေလွှတ်ကာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် သေဆုံးသူများထဲတွင် လူနာ လေးဦး၊ ဝန်ထမ်း သုံးဦး၊ ပြုစုစောင့်ရှောက်သူ တစ်ဦးနှင့် မည်သူမည်ဝါဖြစ်ကြောင်း စုံစမ်းနေဆဲ တစ်ဦးပါဝင်ကြောင်း သိရသည်။

မက်ဒရာပရာဒက်ရှ် ပြည်နယ်ဝန်ကြီးချုပ် ရှီဗ်ရှိုင်ဆင်း ချူဟာန်းက မီးလောင်မှုကြောင့် သေဆုံးသွားသည့် မိသားစုဝင်များကို လျော်ကြေးအနေဖြင့် အမေရိကန်ဒေါ်လာ ၆၃၃၂ ဒေါ်လာ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

### မျောက်ကျောက်ရောဂါ ခြောက်ဦးကူးစက်

အခြားသတင်းတစ်ရပ်တွင် အိန္ဒိယနိုင်ငံ၌ ဩဂုတ် ၁ ရက် နေ့ခင်းပိုင်းတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ခြောက်ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ဩဂုတ် ၂ ရက်တွင် အတည်ပြုပြောသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ခြောက်ဦးတွင် နိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် လေးဦးနှင့် နယူးဒေလီမြို့တွင် နှစ်ဦးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်နိုင်ခြေရှိသည့် အုပ်စုများကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်

**ဘန်ကောက် ဩဂုတ် ၂**

ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်နိုင်ခြေရှိသည့်အုပ်စုများကို မျောက်ကျောက်ရောဂါ ကာကွယ်ဆေးထိုးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁ ရက်တွင် ပြောကြားလိုက်သည်။

ဩဂုတ် ဒုတိယလဝက်တွင် ပထမအသုတ် မျောက်ကျောက်ကာကွယ်ဆေး ၁၀၀၀ ခန့်ရောက်ရှိမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကာကွယ်ဆေးပထမအသုတ်သည် လူ ၅၀၀ အတွက် ထိုးပေးနိုင်မည်ဖြစ်သည်။ သို့သော်လည်း သက်ဆိုင်ရာအာဏာပိုင်များက မည်သည့်အုပ်စုကို ဦးစားပေးထိုးပေးရမည်ဆိုသည်ကို မဆုံးဖြတ်ရသေးကြောင်း ရောဂါထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် အိုပက်စ်ကန်ကာဝင်ပေါင်က ပြောသည်။

ထိုင်းနိုင်ငံ၌ ယခုအချိန်အထိ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ နှစ်ဦးရှိလာပြီဖြစ်သည်။ ပထမတစ်ဦးသည် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးဖြစ်ပြီး ဒုတိယတစ်ဦးမှာ ထိုင်းနိုင်ငံသားတစ်ဦး ဖြစ်သည်။ ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို ခြေရာခံစုံစမ်းခဲ့သည်။ ယခုအချိန်အထိ နောက်ထပ် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ မရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# အပူလှိုင်းအန္တရာယ်နဲ့ ကြုံတွေ့နေတဲ့ ဂျပန်နိုင်ငံ

*ထွန်းကျော်*

ဂျပန်နိုင်ငံရဲ့ ဒီနှစ်နွေရာသီဟာ အခါတိုင်းနှစ်ထက် အ၀င်စောခဲ့ပါတယ်။ နွေဦးရာသီနဲ့ နွေရာသီကြား ကူးပြောင်းရာသီဖြစ်တဲ့ မိုးရာသီဟာ ရုတ်တရက်ကြီး ပြီးဆုံးသွားခဲ့ပြီး မျှော်လင့်မထားတဲ့ အပူလှိုင်းက ဆီးကြိုလို့နေပါတယ်။



လမ်းသွားလမ်းလာတစ်ဦး တိုကျိုရှိ ဂင်ဇာဒေသ၌ နည်းပညာဖြင့် ဖန်တီးပြုလုပ်ထားသော နှင်းတုအောက်တွင် အအေးခံအနားယူစဉ်။

မကြာသေးမီနှစ်တွေက ဒီနှစ်ရာသီဥတုပုံစံမျိုး ဖြစ်အောင် ဖန်တီးတယ်ဆိုပါက မိုးကုပ်စက်ဝိုင်းအောက်က အပူလျှပ်ခြင်းမှသည် တိုင်ဖွန်းမုန်တိုင်းတွေအထိပါ၀င်တဲ့ ပိုမိုခက်ခဲတဲ့အချိန်တွေကို ဂျပန်နိုင်ငံအနေနဲ့ ကြုံတွေ့ကြရမှာ ဖြစ်ပါတယ်။

တိုကျိုဒေသမှာ စိုစွတ်တဲ့ ရာသီဥတုဟာ အခါတိုင်းထက် ၂၂ ရက်စောပြီး ပြီးဆုံးခဲ့ပါတယ်။ ဒါဟာ ၁၉၅၁ ခုနှစ်ထဲကစပြီး အစောဆုံး ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ မိုးရာသီ ပြီးဆုံးသွားပြီဆိုရင်ပဲ နေလုံးကြီးက ပြူးပြဲပြီးထွက်ပေါ်လာကာ လောကဓာတ်တစ်ခွင်ကို သူ့ရဲ့ရောင်ဝါတွေနဲ့ လွှမ်းခြုံလိုက်ပါတယ်။

ပူပြင်းတဲ့နေမင်းရဲ့ ရောင်ဝါတွေကြောင့် မြို့တော်တစ်ခွင်လုံးမှာ အပူချိန်ဟာ အခါတိုင်းနဲ့ မတူဘဲ ၃၅ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိလာခဲ့ပါတယ်။ ဒါဟာ တစ်ရက်တည်းမှာ ဖြစ်ပွားတဲ့ အပူချိန်မဟုတ်ပါဘူး။ ကိုးရက်ဆက်တိုက် ဒီအပူချိန်ကနေမကျဘဲ အရှည်ကြာဆုံး အပူလှိုင်းအဖြစ် စံချိန်တင်ခဲ့ပါတယ်။

ဂျပန်နိုင်ငံတစ်ဝန်း ပျမ်းမျှအပူချိန်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ အတွင်းမှာ ၁ ဒသမ ၂၆ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်လာခဲ့ပါတယ်။ တိုကျိုမှာဆိုရင် အပူချိန်ဟာ ၂ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ပါတယ်။

ဂျပန်နိုင်ငံမှာ တစ်ခါတစ်ရံ အပူချိန်ဟာ ၄၀ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်ဖြစ်စဉ်အပြင် လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ အတွင်းမှာ အပူဆုံးရက်ပေါင်း ၃၀ တိတိ စံချိန်တင်ဖြစ်ပွားခဲ့ပါတယ်။

ဂျပန်နိုင်ငံဟာ နောက်ဆုံးအကြိမ်အဖြစ် အတိုတောင်းဆုံး မိုးရာသီနဲ့ ကျောက်ခွဲအောင်ပူတဲ့နေကို တွေ့ကြုံခဲ့ဖူးပြီ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ လူပေါင်း ၉၀၀၀၀ အပူနဲ့ဆက်စပ်တဲ့ နေမကောင်းဖြစ်မှုတွေ ကြုံတွေ့ခဲ့ပြီး ဆေးရုံတက်ခဲ့ရပါတယ်။

၂၀၂၂ ခုနှစ် ဩဂုတ်လမှာတော့ ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်ဟာ မိုးထိအောင်မြင့်မားလာခဲ့ပြီး

> **ပြည်သူတွေကို အစိုးရရဲ့ သတိပေးချက်တွေ အမြဲဂရုစိုက်ဖို့ ရေဓာတ်ပြည့်နေအောင်နေဖို့၊ မလိုအပ်ဘဲ ခရီးမထွက်ဖို့နဲ့ အပြင်ဘက်တွေမှာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းတွေ မလုပ်ဖို့၊ အပူလျှပ်ခြင်းကို ကာကွယ်ဖို့ လေအေးပေးစက်ကို အသုံးပြုဖို့ တိုက်တွန်းထားပါတယ်**



ဂျပန်၌ အပူလှိုင်းကျရောက်နေချိန် အမျိုးသားတစ်ဦး ပန်ကာဖြင့် အအေးခံနေစဉ်။

အရှေ့ဘက်မှသည် အနောက်ဘက် တစ်နံတလျား အထိ ပြုတ်ထားသလို ပူလောင်ကာ ၄၀ ဒီဂရီဆဲလ်စီးယပ်နီးပါး မြင့်တက်လာခဲ့ပါတယ်။

အဲလို အပူချိန်ရုတ်တရက် မြင့်တက်လာတာကြောင့် ဂျပန်မိုးလေ၀သအေဂျင်စီကတော့ ပြည်သူတွေကို အပူကြောင့်ဖြစ်နိုင်တဲ့ ရောဂါဘယတွေကို ရှောင်ရှားဖို့ ကြိုတင်ကာကွယ်မှုတွေ ပြုလုပ်ထားကြဖို့ တိုက်တွန်းထားခဲ့ပါတယ်။

ပြည်သူတွေကို အစိုးရရဲ့ သတိပေးချက်တွေ အမြဲဂရုစိုက်ဖို့ ရေဓာတ်ပြည့်နေအောင်နေဖို့၊ မလိုအပ်ဘဲ ခရီးမထွက်ဖို့နဲ့ အပြင်ဘက်တွေမှာ ပြင်းထန်တဲ့လေ့ကျင့်ခန်းတွေမလုပ်ဖို့၊ အပူလျှပ်ခြင်းကိုကာကွယ်ဖို့ လေအေးပေးစက်ကို အသုံးပြုဖို့ တိုက်တွန်းထားပါတယ်။

အပူချိန်ဟာ တိုကျိုနိုင်ငံမြောက်ပိုင်း ကူမာဂါယာမှာ ၄၁ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိလာနိုင်ပြီး ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုယာမှာ ၃၉ ဒီဂရီဆဲလ်စီးယပ်အထိနဲ့ တိုကျိုအလယ်ပိုင်းမှာ ၃၇ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိလာမယ်လို့ မိုးလေ၀သအေဂျင်စီက ဖော်ပြထားပါတယ်။

ဂျပန်နိုင်ငံပေါ်မှာ လေဖိအားများခြင်းက အပူချိန်ကို မြင့်တက်လာစေကြောင်း ဂျပန်မိုးလေ၀သက ပြောပါတယ်။ မိုးလေ၀သအခြေအနေဟာ မတည်ငြိမ်တဲ့အတွက် ဂျပန်နိုင်ငံမြောက်ပိုင်းဒေသတွေဖြစ်တဲ့ တိုဟိုကူနဲ့ ဟော့ကိုင်းဒိုးတို့မှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။

ဒါဟာ လေပူကြောင့်နဲ့ စိုထိုင်းတဲ့လေတွေက လေဖိအားနည်းစနစ်ကို တိုက်ခတ်တဲ့အတွက် သာမက နိုင်ငံမြောက်ပိုင်းရှိ လေစိုင်ဆုံတွေကြောင့် ဖြစ်ပါတယ်။ နေ့ဘက်အပူချိန် မြင့်တက်လာတဲ့အတွက်ကြောင့်နဲ့ စိုထိုင်းတဲ့လေတွေကြောင့် လေထုအခြေအနေဟာ ဂျပန်နိုင်ငံ ကန်တို-ကိုရှင်ဒေသမှာ မငြိမ်မသက်ဖြစ်နေပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံရဲ့ တချို့ဒေသတွေမှာ မိုးကြိုးပစ်ခြင်းတွေ၊ မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်နိုင်ပါတယ်။

အဲလိုအပူရှိန်တွေဟာ သမုဒ္ဒရာတွေကို ပူနွေးစေပြီး တိုင်ဖွန်းဂျက်ဘီလိုမျိုး အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတွေကို ဖြစ်ပေါ်စေပါတယ်။ တိုင်ဖွန်းဂျက်ဘီဟာ ၂၅ နှစ်အတွင်းမှာ အင်အားအပြင်းထန်ဆုံး မုန်တိုင်းတစ်ခုဖြစ်ခဲ့ပါတယ်။

ဒီလိုမျိုးဖြစ်စဉ်မျိုး ၂၀၂၂ ခုနှစ် နွေရာသီမှာ ဖြစ်လာမလားဆိုတာ မသိသေးပါဘူး။ ဂျပန်နိုင်ငံကို လွှမ်းခြုံထားတဲ့ ပင်လယ်အပူချိန်ကတော့ သာမန်ထက် ပိုမိုမြင့်မားနေပါတယ်။

ဂျပန်ပင်လယ်ပြင်နဲ့ အိုကာတ်စ်ပင်လယ်ပြင်တို့ဟာ အခါတိုင်းထက် ပိုပြီးပူနွေးနေကြပါတယ်။

တချို့ဒေသတွေမှာဆိုရင် အခါတိုင်းထက်ပိုပြီး ပူနေကြပါတယ်။ ဂျပန်နိုင်ငံဟာ တစ်နှစ်ပတ်လုံးရဲ့ အပူဆုံးအချိန်ကို ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ အပူလျှပ်ခြင်းဟာ လူတွေရဲ့ အသက်တွေကို ခြိမ်းခြောက်နေပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံတစ်ဝန်းမှာရှိသူတွေဟာ ဘေးအန္တရာယ်ကင်းဝေးစွာနေထိုင်နိုင်ရေး ပိုပြီးဂရုစိုက်ကြရမှာ ဖြစ်ပါတယ်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဩဂုတ် ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၈ ရာခိုင်နှုန်းရှိ

(၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၄၇,၇၃၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၂၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၉၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

(၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၁) ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၂၇) ခု | (၈)ဦး |
| စုစုပေါင်း | (၅,၂၈၉) ခု | (၁၅)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂-၈-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၂၂၅၁၁၀ | ၈၈၃၂၃၅၆၈ | ၁၀၅၅၅၇၆ |
| ၂။ | အိန္ဒိယ | ၄၄၀၅၀၀၀၉ | ၄၃၃၈၃၇၈၇ | ၅၂၆၄၃၀ |
| ၃။ | ပြင်သစ် | ၃၃၈၆၆၈၂၄ | ၃၂၃၉၆၇၆၈ | ၁၅၂၁၇၉ |
| ၄။ | ဘရာဇီး | ၃၃၈၅၆၈၀၅ | ၃၂၄၂၁၃၇၉ | ၆၇၈၇၉၂ |
| ၅။ | ဂျာမနီ | ၃၀၉၅၆၈၇၃ | ၂၉၁၃၈၀၀၀ | ၁၄၄၁၅၀ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၇၂၈၁၇၁ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၁၀၅၉၅၄၅ | ၁၉၆၃၂၅၈၅ | ၁၇၂၂၀၇ |
| ၈။ | တောင်ကိုရီးယား | ၁၉၉၃၂၄၃၉ | ၁၈၆၅၅၀၇၄ | ၂၅၀၈၄ |
| ၉။ | ရုရှား | ၁၈၆၂၂၁၀၃ | ၁၇၉၉၀၀၄၈ | ၃၈၂၅၁၇ |
| ၁၀။ | တူကီယဲ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

### ၂-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၈၃၀၂၆ | ၉၉၃၂၇၁၂ | ၄၃၀၉၄ |
| အင်ဒိုနီးရှား | ၆၂၁၆၆၂၁ | ၆၀၁၀၅၄၅ | ၁၅၇၀၂၈ |
| မလေးရှား | ၄၆၈၃၂၆၆ | ၄၆၀၂၆၂၅ | ၃၅၉၇၇ |
| ထိုင်း | ၄၅၉၄၁၂၇ | ၄၅၄၀၆၈၄ | ၃၁၄၃၄ |
| ဖိလစ်ပိုင် | ၃၇၈၂၈၂၂ | ၃၆၈၉၉၇၄ | ၆၀၇၄၉ |
| စင်ကာပူ | ၁၇၁၈၇၆၅ | ၁၆၂၈၀၅၃ | ၁၅၀၂ |
| မြန်မာ | ၆၁၄၁၂၈ | ၅၉၂၉၂၂ | ၁၉၄၃၄ |
| လာအို | ၂၁၁၃၇၅ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၂၀၅၈၉၀ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၈၆၈ | ၁၃၃၅၆၉ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# သီပေါရတနာရွှေဂူကျောင်းတိုက် သက်တော်ရှည် ဆရာတော်ကြီး အန္တိမအဂ္ဂိဈာပန ကျင်းပ

သီပေါ ဩဂုတ် ၂

**ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ရတနာရွှေဂူကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မြို့နယ်ဩဝါဒါစရိယ သက်တော် (၉၂) နှစ်၊ ဝါတော် (၆၉) ဝါရ ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒ မဟာထေရ်မြတ်သည် (ဝါခေါင်လဆန်း ၂ ရက်) ဇူလိုင် ၂၉ ရက် ည ၇ နာရီက ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရသည်။**



ဆရာတော်ကြီး၏သာဓုကိဠနအန္တိမအဂ္ဂိဈာပန မီးသင်္ဂြိုဟ် ပူဇော်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက နတ်မိန်သုသာန်လောင်တိုက်၌ ကျင်းပရာ ဆရာတော်သံဃာတော်အရှင်သူမြတ်များက အနိစ္စာဝတသင်္ခါရာ ဂါထာတော် (၃) ပုဒ်ကို ရွတ်ဆိုတော်မူကြပြီး သရဏဂုံသုံးပါးနှင့် ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရတနာရွှေဂူကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တ ဝိစိန္တာအရှင်သူမြတ်က အာစရိယဂုဏဝန္တနာ ဂါထာတော်ကိုလည်းကောင်း၊ မန္တလေးမြို့ မန်အောင်ကျောင်းတိုက်စူဠာမဏိ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိစိန္တာ အရှင်သူမြတ်က ပစ္ဆိမဝန္ဒနာဂါထာတော်ကို လည်းကောင်း၊ ပျံလွန်တော်မူသွားသော ဆရာတော်ကြီးအား တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့က အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် ဝန်ချတောင်းပန် ကန်တော့လွှာကို မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ပြည်နယ်သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ကောသလ အရှင်သူမြတ်က တိုင်တည်ပေး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အန္တိမ အဂ္ဂိဈာပန မီးသင်္ဂြိုဟ် ပူဇော်ကြသည်။

ဆရာတော်ကြီး၏သာဓုကိဠနအန္တိမအဂ္ဂိဈာပန မီးပူဇော်ပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ မိလိန္ဒအရှင်သူမြတ်နှင့် ဆရာတော် သံဃာတော်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ မြို့နယ်သာသနာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တအာင်းလူငယ်အဖွဲ့နှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များ တက်ရောက် ကြည်ညိုပူဇော်ကြကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ရွှေလေးခုနှင့် ကြေးတစ်ခု ထပ်မံဆွတ်ခူးဆုရရှိသူများကို မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဆုချီးမြှင့်ပေး

ရန်ကုန် ဩဂုတ် ၂

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် ယနေ့ယှဉ်ပြိုင်မှုတွင် ရေကူးအားကစားနည်းမှ ရွှေတံဆိပ်သုံးခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့သည် JATIDIRI ရေကူးကန်၌ ကျင်းပသည့် ရေကူးပြိုင်ပွဲနှင့် MANAHAN ကွင်း၌ ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင့်မြတ်က အမျိုးသားမီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲနှင့် မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ကျော်ထူးက မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ရွှေတစ်ခု၊ အမျိုးသမီးသံပြားပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတစ်ခု၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ဝေဝေသင်းက ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက အမျိုးသမီးသံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ထက်ထက်အေးအား ဆုချီးမြှင့်ပေးအပ်သည်။




(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ မြားပစ်၊ ဂိုးလ်ဘော၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက် ဘော်လီဘောနှင့် အလေးမ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့အထိ မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်သုံးခု စုစုပေါင်း ၁၂ ခု ရရှိလျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

# လှည်းကူးမြို့နယ် စာရေးဆရာအသင်း စာပေညီလာခံအတွေ့အကြုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စာရေးဆရာအသင်း တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းခြင်းနှင့် အရေးပေါ် မျက်နှာစုံညီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသည့် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ကျော်မင်းညွန့် (လှည်းကူး) နှင့် အတွင်းရေးမှူး သလွှာဦး(လှည်းကူး) တို့က ညီလာခံအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ညီလာခံ၏ ဆုံးဖြတ်ချက်များ အတည်ပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်အသင်းဝင် အင်အားများ စိစစ်ခြင်း၊ ကွယ်လွန်၊ ကင်းကွာ၊ အဝေးရောက်၊ နုတ်ထွက်အင်အားများ စိစစ်ခြင်းနှင့် ညီလာခံမှ ရွေးချယ်တင်မြှောက်ခဲ့သော ယခင်အဖွဲ့အစည်းအမှုဆောင်များအား ထပ်မံအတည်ပြုသည်။

ဆက်လက်ပြီး ရန်ပုံငွေရှာဖွေရေးအဖွဲ့ကို ဥက္ကဋ္ဌ ဒေါက်တာမတင်လှ (လှည်းကူး)၊ အဖွဲ့ဝင် ရန်ပိုင်ဦး (လှည်းကူး)၊ အတွင်းရေးမှူး မအေးအေးမာ (လှည်းကူး) တို့ပါဝင်သော အဖွဲ့ကို အသစ်ဖွဲ့စည်းခဲ့ပြီး ငမိုးရိပ်စာပေမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိရေးနှင့် တတိယအကြိမ် စာရေးဆရာညီလာခံမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရေးစသည့်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း မြို့နယ်စာရေးဆရာအသင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒဂုံတက္ကသိုလ်ရှိ တက္ကသိုလ်ဆရာ၊ ဆရာမ၊ ကျောင်းသား/သူများနှင့် ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးရာနှုန်းပြည့်လွှမ်းခြုံမှုရှိစေရန် Booster (Covishield) ဆက်လက်ထိုးနှံပေး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ်ရှိ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရုံးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကို ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကာကွယ်ဆေး ရာနှုန်းပြည့်လွှမ်းခြုံမှုရှိစေရန် ကိုဗစ်-၁၉ ကာကွယ်ဆေး Booster (Covishield) အား ဒဂုံတက္ကသိုလ်ကျောင်း၌ ယနေ့နံနက်ပိုင်းက ဆက်လက်၍ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒဂုံတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တက္ကသိုလ်ရုံးဝန်ထမ်းများအားBooster (Covishield) ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒဂုံတက္ကသိုလ်မှ တာဝန်ခံဌာနမှူးများ၊ ဆရာ၊ ဆရာမများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

ယင်းနောက်ကိုဗစ်-၁၉ ကာကွယ်ဆေး Booster (Covishield) ထိုးနှံပေးရာတွင် ယခင်ဒဂုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၃၆၀ ကို ထိုးနှံပေးခဲ့ပြီးဖြစ်၍ ဆက်လက်၍ ဩဂုတ် ၂ ရက်၌ ထိုးနှံပေးရာတွင် ဆရာ၊ ဆရာမ ၁၉၀၊ ကျောင်းသား ကျောင်းသူ ၅၀ နှင့် ရုံးဝန်ထမ်း ၂၁၆ ဦး စုစုပေါင်း ၄၅၆ ဦး ထပ်မံထိုးနှံပေးကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်နေ ဟိန်းမင်းထွေးသည် ၎င်းအသုံးပြုသည့် “Hein Min Htwe” Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃၉) ရပ်ကွက်နေ အောင်ကျော်သူ (ခ) အောင်အောင်သည် ၎င်းအသုံးပြုသည့် “Aung Kyaw Thu” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ် (၆) ရပ်ကွက်နေ မြတ်သူ (ခ) ရက်စ်ကူးမားသည် ၎င်းအသုံးပြုသည့် “Myat Thu” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျော်ဖုံးမှ*

ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများ မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များ မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။



**ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ပန်းလားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၌ ခြိမ်းခြောက်စာရေးသားမှု။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၆ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပန်းလားကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၌ ခြိမ်းခြောက် စာများ ရေးသားထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါစာသင်ကျောင်းဝင်းအတွင်းရှိ Grade-5 စာသင်ခန်းနံရံပေါ်တွင် မှုတ်ဆေးအနီဖြင့် ခြိမ်းခြောက်စာများ ရေးသားထားသည်ကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ဆင်ကူးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်းရှိ ကျောင်းပစ္စည်းများ ဖျက်ဆီးခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခဲ့မှုကြောင့် ဝန်ထမ်းအိမ်ရာအား ရေပေးဝေသည့် ကော်ပိုက်၊ ကျောင်းဆောင်အတွင်းရှိ ဘုရားစင်တွင် တပ်ဆင်ထားသည့် အဝတ်စများ၊ ရေစင်နှင့် ကျောင်းဆောင်ရှေ့ လက်ဆေးဘေစင်ရှိ ရေပိုက်များ၊ ကျောင်းဆောင်အတွင်းနံရံ၌ တပ်ဆင်ထားသော ပန်းချီကားချပ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG ၊ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအပေါ် ဝိုင်းဝန်း ဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှု သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ် ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် (၂) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇) တွင် ပါရှိသည့် **“လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားများအတွက် Provider Purchaser Split စာချုပ် ဆေးခန်းများ၌ ဆေးကုသမှုခံယူနိုင်မည့် (Enrolled) စာရင်းများ ထုတ်ပြန်ကြေညာခြင်း”** ၌ ဖော်ပြခဲ့သည့် အမှတ်စဉ် ၁၃ ပါ “မိုးကောင်းရတနာဆေးခန်း (မှော်ဘီ)” **အစား** “မယ်ဒီကဲလ်ဆေးခန်း (မှော်ဘီ)” ဟုလည်းကောင်း၊ အမှတ်စဉ် ၁၄ ပါ “မိုးကောင်းရတနာဆေးခန်း (လှည်းကူး)” **အစား** “မယ်ဒီကဲလ်ဆေးခန်း (လှည်းကူး)” ဟုလည်းကောင်း၊ အမှတ်စဉ် ၁၉ ပါ “မိုးကောင်းရတနာဆေးခန်း (ဘောက်ထော်)” **အစား** “မယ်ဒီကဲလ်ဆေးခန်း (ဘောက်ထော်)” ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**အလုပ်သမားဝန်ကြီးဌာန**

# မိုင်းခုတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးလယ်မြေ ၁၁ ဒသမ ၇၂ ဧက ပျက်စီးဆုံးရှုံးမှုဖြစ်

**မိုင်းခုတ် ဩဂုတ် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့တွင် ဩဂုတ် ၁ ရက်မှစတင်ကာ ယနေ့နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မိုင်းလုံးကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးစိုက်ပျိုးထားသော လယ်မြေများ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းလုံးကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်လုံးချောင်းရေ မြင့်တက်လာကာ ချောင်းဘေး ဝဲ၊ ယာတွင် တောင်သူ ၂၅ ဦးစိုက်ပျိုးထားသော မိုးစပါးလယ်မြေ ၁၁ ဒသမ ၇၂ ဧကမှာ ရေလွှမ်းခြင်းနှင့် ရေတိုက်စားမှုများကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း အဆိုပါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



# ရေတွင်းဟောင်းထဲ ပြုတ်ကျနေသော တောဆင်ပေါက်တစ်ကောင်ကို ဆယ်တင်ပေးနိုင်ခဲ့

**သာပေါင်း ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကွင်းကောက်ကျေးရွာအုပ်စု ကွင်းကောက်ကျေးရွာ လေးပေစင် (ဒေသအခေါ်) တောလမ်းဘေး ရေတွင်းဟောင်းထဲ ပြုတ်ကျနေသော တောဆင်ပေါက်တစ်ကောင်ကို ယနေ့ နံနက် ၇ နာရီခွဲက ပြန်လည် ဆယ်တင်ပေးနိုင်ခဲ့သည်။



ဖြစ်စဉ်မှာ ကွင်းကောက်ကျေးရွာအုပ်စု ကွင်းကောက်ကျေးရွာလေးပေစင်(ဒေသအခေါ်) တောလမ်းဘေး ဦးခင်မောင်ဌေး ပိုင်ရော်ဘာခြံထဲရှိရေတွင်းဟောင်းထဲသို့ တောဆင်ပေါက်တစ်ကောင် ပြုတ်ကျနေကြောင်း သတင်းပေးချက်အရ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးမျိုးမင်းလတ်နှင့် ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး လှအေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရဲကင်းစခန်း (လေ့ကြီးတက်) မှ ဒုတိယရဲအုပ် အောင်ကိုကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကွင်းကောက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာသားတို့က မြေတူးထွန်စက် အကူအညီဖြင့် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပြန်လည်ဆယ်တင်ပေးနိုင်ခဲ့ပြီး **(ဝဲပုံ)** တောဆင်ပေါက်မှာ ငါးနှစ်သားခန့် ဆင်မလေးဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာမရှိဘဲ တောထဲသို့ ပြန်လည် ဝင်ရောက်သွားပြီး ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတောင်းတပ်နယ် လေ့ကျင့်ရေးကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။



ဆက်လက်၍ ဆုပေးပွဲကို ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆု ရရှိသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် မိုင်းပန်တပ်နယ် အသင်းတို့ကို တိုင်းမှူး**(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသား အမျိုးသမီးအသင်း ရှစ်သင်းတို့ဖြင့် ဇူလိုင် ၂၀ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ မြန်မာအသင်း ဗိုလ်လုပွဲနှင့် လွဲချော်

**ရန်ကုန် ဩဂုတ် ၂**

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို လေးဂိုး - တစ်ဂိုးဖြင့် အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။



မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်နေစဉ်။

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ဗိုလ်လုပွဲတက်ရောက်ရေးအကောင်းဆုံးကြိုးပမ်းခဲ့သော်လည်း လွဲချော်ခဲ့ရပြီး တတိယနေရာလုပွဲသာ ကစားရတော့မည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ မကစားရခြင်းကြောင့် ယခုကဲ့သို့ အဆုံးအဖြတ်ပွဲများကစားရာတွင် အမှားများခဲ့ပြီး အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် မေဦးခင် (ဂိုး)၊ မေသက်မွန်မြင့်၊ ကြယ်စင်၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ ဝေဖူးအိမ်၊ နှင်းပွင့်အေး၊ ဟေမာန်စိုး၊ နန်းချိုမွှေး၊ ဆုမြတ်နိုးနှင့် ဇင်မိုးပြည့်တို့ ပါဝင်ခဲ့ပြီး အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းသည် ဗီယက်နမ်တိုက်စစ်ကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သလို ဂိုးရရှိရန်အတွက် တိုက်စစ်ကစားခဲ့သည်။ သို့သော် တိုက်စစ်ပုံဖော်ရာတွင် အမှားများခဲ့သဖြင့် ထင်သလောက် ထိရောက်မှုမရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာ ပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးအထိပေးခဲ့ရသဖြင့် ဂိုးပြတ်သွားခြင်း ဖြစ်သည်။ ဗီယက်နမ်အသင်းအတွက် ဂိုးများကို ၂၇ မိနစ်တွင် ဒိုသီအန်မိုင်၊ ၅၈ မိနစ်တွင် ငိုမင်ချူယင်၊ ၆၄ မိနစ်တွင် ထရန်နတ်လန်၊ ၉၁ မိနစ်တွင် လူဟောင်ဗင်တို့က သွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၁ မိနစ်တွင် ဝေဖူးအိမ်က သွင်းယူခဲ့သည်။

တတိယနေရာ လုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-VFF**

*❂ ကျော်ဖုံးမှ*

ယခုပြိုင်ပွဲဝင်အသင်းတွင် MNL ကလပ်များမှ ကစားသမားအချို့လည်း ရွေးချယ်ခံထားရသည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ**- ဦးရဲဝင်းအောင်၊ နည်းပြချုပ်-ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**- ဦးမင်းမင်းထွန်း၊ ဦးစထက်နိုင်ဝင်း၊ ဂိုးနည်းပြ- ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား**- ဟိန်းထက်စိုး၊ ထက်အာကာဝင်း၊ အောင်ပြည့်ဖြိုး၊ **နောက်တန်း**- လင်းလင်းထွန်း၊ လန်းဆန်းအောင်၊ ထွန်းထွန်းသိန်း၊ မျိုးမင်းဟိန်း၊ ခန့်ဇင်ဟိန်း၊ ခွန်အောင်စိုး၊ လတ်ဝေဘုန်း၊ **အလယ်တန်း**- စောသန်းကိုသန်း၊ ရဲရင့်ဖြိုး၊ အာကာကျော်၊ မိုးဆွေ၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ရဲကောင်းဆက်၊ သာယာဝင်းထက်၊ ဟိန်းဇော်နိုင်၊ ဖြိုးသန့်ကိုကို၊ ချစ်အေး၊ **ရှေ့တန်း**- လမင်းထွေး၊ စွမ်းထက်၊ သန်းတိုးအောင်၊ သိန်းဇော်သီဟတို့ ပါဝင်ကြသည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဩဂုတ် ၅၊ ၇၊ ၉ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဩဂုတ် ၅ ရက်တွင် မလေးရှားနှင့် ထိုင်း၊ မြန်မာနှင့် ဗီယက်နမ်၊ ဩဂုတ် ၇ ရက်တွင် မြန်မာနှင့်ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှား၊ ဩဂုတ် ၉ ရက်တွင် မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အမှတ်အများဆုံးရရှိသည့်နှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်ပြီး အဆင့် ၃ နှင့် အဆင့် ၄ ရပ်တည်မှုရ နှစ်သင်းမှာ တတိယလုပွဲ ထပ်မံကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

*❍ ကျော်ဖုံးမှ*

အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲဖြစ်သော်လည်း အမှားနည်းအောင် ကစားနိုင်ခဲ့ပြီး ရရှိသည့်အခွင့်အရေးများ အသုံးချနိုင်ခဲ့သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆလိုင်းအံ့ဘွယ်မောင် (ဂိုး)၊ သူရဇော်၊ ဟန်ထွန်းဇော်၊ ရှိုင်းဝဏ္ဏအောင်၊ မြတ်ဘုန်းခန့်၊ ခွန်းချိုထူး၊ ထူးဝေယံ၊ စောမျိုးဇော်၊ လင်းထက်ဦး၊ ကောင်းထက်၊ ဘရန်းဒွန်းလီတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက မြန်မာအသင်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၃ မိနစ်တွင် စောမျိုးဇော်၊ ၂၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်တို့က ဦးဆောင်ဂိုးများသွင်းယူခဲ့သည်။ ဩစတြေးလျအသင်းအတွက် ၃၉ မိနစ်တွင် လူကာ၊ ၄၄ မိနစ်တွင် မီဂွယ်တို့က ချေပဂိုးများသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် နှစ်ဂိုးစီသရေကျနေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင်လည်း အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး အနိုင်ဂိုးကို ၇၃ မိနစ်တွင် ပြည့်စုံအောင်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားပြီး အနိုင်သုံးမှတ် ရယူနိုင်ခဲ့သည်။

အုပ်စု (ဂ) တွင် ဩစတြေးလျ၊ မလေးရှား၊ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ပါဝင်နေပြီး မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၅ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# MNL ပွဲစဉ် (၆) လက်ကျန်ပွဲများ ဩဂုတ် ၃၊ ၄ ရက် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂**

အပတ်စဉ် ကျင်းပလျက်ရှိသည့် ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) လက်ကျန်ပွဲများကို ဩဂုတ် ၃၊ ၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အမှတ်လိုနေသည့် အသင်းများအပါအဝင် နိုင်ပွဲရရေးကြိုးပမ်းမည့် အသင်းများကြောင့် ပွဲကောင်းများ ဖြစ်လာနိုင်သည်။

ပွဲစဉ် (၆) လက်ကျန်ပွဲများအဖြစ် ဩဂုတ် ၃ ရက် **(ယနေ့)** တွင် မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ ဩဂုတ် ၄ ရက်တွင် မြဝတီအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းနှစ်ပွဲစလုံးကို ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မဟာယူနိုက်တက်အသင်းက ငါးပွဲကစား သုံးမှတ်၊ ရတနာပုံအသင်းက ငါးပွဲကစား ခုနစ်မှတ်ရရှိထားသည်။ မဟာယူနိုက်တက်အသင်းသည် ငါးပွဲကစားအပြီးတွင် နိုင်ပွဲတစ်ပွဲသာရသေးပြီး တန်းဆင်းဇုန် အန္တရာယ်ရှိနေသဖြင့် အမှတ်ရရန် လိုအပ်နေသလို ရတနာပုံအသင်းမှာလည်း ယခုပွဲအနိုင်ရပါက အဆင့် ၄ နေရာ မျှော်မှန်းနိုင်မည်ဖြစ်၍ အားကုန်ထုတ် ကစားဖွယ်ရှိနေသည်။ နှစ်သင်းစလုံး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားပြီး အဆုံးသတ်သေချာသည့် အသင်းက အသာရသွားမည်ဖြစ်သည်။ မြဝတီနှင့် ဟံသာဝတီတို့ ထိပ်တိုက်တွေ့ဆုံမှုမှာလည်း ပွဲကောင်းဖြစ်လာနိုင်ပြီး ဟံသာဝတီအသင်းအနေဖြင့် နိုင်ပွဲရယူနိုင်ပါက အမှတ်ပေးဇယား အဆင့် ၄ နေရာအထိ တက်လှမ်းလာနိုင်မည်ဖြစ်သည်။ မြဝတီအသင်းသည် ငါးပွဲကစား ကိုးမှတ်၊ ဟံသာဝတီက ငါးပွဲကစား ခုနစ်မှတ် ရရှိထားသည်။

ဩဂုတ် ၁ ရက် ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး ရှောဝတီနှင့် ရန်ကုန်အသင်းက ရမှတ် ၁၃ မှတ်စီဖြင့် နောက်မှလိုက်နေသည်။ ကျင်းပပြီးစီးသွားသည့် သုံးပွဲတွင် ရှောဝတီအသင်းက GFA အသင်းကို လေးဂိုး-နှစ်ဂိုး၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အားကာသီပွဲနှင့် ရန်ကုန်အသင်း ဂိုးမရှိသရေကျခဲ့သည်။

**ရဲရင့်လွင်**

# ဒီယေဂို ဂျိုတာ အန်းဖီးလ်၌ စာချုပ်သစ် ချုပ်ဆို

လီဗာပူးအသင်း တိုက်စစ်ကစားသမား ဒီယေဂိုဂျိုတာသည် အန်းဖီးလ်၌ ၂၀၂၇ ခုနှစ်အထိ ရှိမည်ဖြစ်သော သက်တမ်းတိုး စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၅ နှစ် အရွယ် ပေါ်တူဂီတိုက်စစ်ကစားသမား ဂျိုတာသည် ၂၀၂၀ ပြည့်နှစ်တွင် ဝုဖ်အသင်းမှ ပေါင် ၄၁ သန်းဖြင့် လီဗာပူးအသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ၈၅ ပွဲ ပါဝင်ကစားထားပြီး ၃၄ ဂိုး သွင်းယူ ထားသည်။

၎င်းသည် ပြီးခဲ့သည့်နှစ်က လီဗာပူးအသင်းအတွက် ၂၁ ဂိုး သွင်းယူပေးထားကာ အက်ဖ်အေဖလားနှင့် အီးအက်ဖ်အယ်ဖလား ရရှိအောင် ကူညီပေးထားနိုင်သည်။ ထို့အပြင် ၎င်းသည် လီဗာပူးအသင်းကို ရာသီပိတ်သိမ်းချိန်တွင်လည်း ဒုတိယနေရာဖြင့် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သည်။ အသင်းမှ အားထားရသည့် တိုက်စစ်မှူး မာနေးသည် ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ် အသင်းထံသို့ ပြောင်းရွှေ့သွားပြီးနောက် ပြီးခဲ့သည့်လတွင် တိုက်စစ်မှူး ဆာလာအန်းဖီးလ်၌ သုံးနှစ် သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့သည်။

**အောင်ဇော်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၄၅ မြန်မာ့ကျောက်မျက်ရတနာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ သဘာဝအလှတရားတို့ထိတွေ့ခဲ့သည့်တစ်ခဏ
၁၃:၃၀ MRTV National News
၁၄:၄၅ ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဗိုလ်လုပွဲ)(ကရင်အသင်းနှင့်မွန်အသင်း)
၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇူလိုင်လ)(တတိယပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ '(၃၀)ဖြာမင်္ဂလာ' (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) '**ဂါရဝေါ၊ နိဝါတောစ**'
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကက်ဘောအက်ဆေး**' (အပိုင်း-၃၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၁၅ (၁၅)ကြိမ်မြောက်ဆိုကရေးတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) '**သုဝဏ္ဏသာမဇာတ်တော်ကြီး**'
၂၂:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အချစ်ဆိုသည်မှာ**' (အပိုင်း-၄)

**mitv**

07:02 Evergreen Classic: Aseinnaya (Takkatho Lae Lae)
07:10 Myanmar Cultural Identities (Hintha or Hamsa)
07:36 Danu Food: Mone Nyin Saw Dish
07:41 Ecotourism: The world Famous Novelist George Orwell's House
08:01 Pan Tamawt… Stone Carving
08:29 Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
08:44 Lacquerware Technology College
09:01 News
09:26 Global Partnership for Brighter Future: Bosnia & Herzegovina Pavilion at Expo 2020 Dubai
09:34 Artist Life: Designer May Myat Waso
09:48 Amazing: Sayargyi Nyein Chan Aung

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** တောင်တန်းများကြားကလယ်ဟယ်မြို့
**ချင်း (လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀)** နွားနောက်မြီးစွပ်ပြုတ်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** သီးနှံသစ်အတွက်ဆုတောင်းခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)** မွန်ရိုးရာလေ့မုန့်ဖက်ထုပ်
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ဒပြုတ်သီးနှင့်အမဲသားချက်
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ဝ (၁၅:၀၀ မှ ၁၇:၀၀)** ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ခါကြက်ဥပုတင်းလုပ်ကြမယ်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကယားအမျိုးသားတို့၏အဲ့ဒိုပေါမိအကအကြောင်း
**ဝကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်ဖြူလူမျိုးအများစုနေထိုင်ရာတောင်ကျွန်းရွာလေး
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**သိလျက်နှင့်ထိန်ချန်မှု**'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၀၀ ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
၀၇:၁၅ ရေရှည်တည်မြဲဖို့မြေဆီထိန်းသိမ်းစို့
၀၈:၀၀ ကော်ဖီသုတေသနမှသည်ကော်ဖီကဏ္ဍတိုးတက်ဖို့မျှော်ရည်
၀၈:၂၅ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလု
၀၉:၂၅ ရောဂါဒဏ်ခံနိုင်ရည်ရှိဖို့စပ်မျိုး ခရမ်းချဉ်မျိုးများစိုက်ကြစို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၁၄:၄၅ ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဗိုလ်လုပွဲ)(ကရင်အသင်းနှင့်မွန်အသင်း)
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သာပေါင်းမြို့နယ်၌ ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် ဩဂုတ် ၂



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် အင်းချောင်းများအတွင်း ငါးသယံဇာတ ပေါ်များစေရေး၊ စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရေး၊ ပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေးရည်ရွယ်၍ ကြေးတိုင်အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက သာပေါင်းမြို့နယ် ဂုံညင်းတန်းကျေးရွာ အုပ်စု ရွှေညောင်ပင် ဂုံညင်းတန်းအောက် ငုတန်းပိုင်းအင်းအတွင်း ပြုလုပ်သည်။

အခမ်းအနားသို့ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများ၊ အင်းသားကြီးများနှင့် ဒေသနေပြည်သူများ တက်ရောက်ကြပြီး ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်တိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းတို့က ကြေးတိုင်လုပ်ကိုင်ခွင့်ရ အင်းသားကြီးများအား ပေးအပ်ပြီး ရွှေညောင်ပင် ဂုံညင်းတန်းအောက် ငုတန်းပိုင်းအင်းအတွင်းသို့ လေးလက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၁ သိန်း ၅ သောင်း ကောင်ရေကို ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၈-၂၀၂၂

**ရွှေ**

၂-၈-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၉၀ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၁၅ ကျပ် | ၁၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၈၅ ကျပ် | ၁၉၂၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၉၃ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၄၁ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၁ . ၁၉၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၁၄ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၅ . ၃၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၃ . ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၅၁၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၁၀၀ | ၁၆၃ | ၁၁၆၄၄၀၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၂၆၂၀ | ၆၄၁၃၀၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၆ | ၄၂၀၀၀ |
| FPB | ၁၈၀၀၀ | ၁၇၅၀၀ | ၄ | ၇၀၅၀၀ |
| TMH | ၂၄၀၀ | ၂၃၅၀ | ၅၂ | ၁၂၂၂၅၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၂၉ | ၃၁၀၀၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၀၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပန်းပြင်ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်

**စလင်း ဩဂုတ် ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၇ ဒသမ ၄၈၂ သန်းဖြင့် ဆောင်ရွက်သည့် ပန်းပြင်ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို တာဝန်ရှိသူများက ဩဂုတ် ၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးအောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စုစန္ဒာနှင့် အင်ဂျင်နီယာများသည် တာဝန်ယူဆောင်ရွက်သည့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပန်းပြင်ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာအား လုပ်ငန်းများအားလုံးကို ဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် စလင်းမြို့နယ် ပန်းပြင်ကျေးရွာ ကုန်ထုတ်လမ်းအရှည် ခုနစ်ဖာလုံ မြေနီကျောက်စရစ်ခင်းခြင်း၊ အရှည် ၂၅ ပေရှိသော ကွန်ကရစ်တံတား တစ်စင်းနှင့် တစ်ပေ ဒိုင်ယာမီတာ Pipe Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၇ ဒသမ ၄၈၂ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဇွန် ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ပန်းပြင်ကျေးရွာကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပန်းပြင်ကျေးရွာရှိ အိမ်ခြေ ၁၅၄ အိမ်၊ လူ ၆၆၁ ဦး၊ လယ်ယာစိုက်ပျိုးရေး ဧက ၃၆၀ မှ ထွက်ရှိသော စပါး၊ နှမ်း၊ ပဲမျိုးစုံနှင့် အခြားစိုက်ပျိုးသီးနှံများကို ရာသီမရွေးဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည် ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**အထွေး**

# ပင်းတယမြို့နယ်ထွက် ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များ ပြည်တွင်းဒေသများသို့ တင်ပို့

**ပင်းတယ ဩဂုတ် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အနီးအနားရှိ ကျေးရွာစိုက်ကွင်းများ၌ ဧကအများအပြား စိုက်ပျိုးထားသည့် ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်၍ ယခုအခါ ပြည်တွင်းဒေသ အနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များ စိုက်ပျိုးရာတွင် မြေတစ်ဧက၌ အပင်ရေ ၁၀၀၀၀ မှ ၁၂၀၀၀ အထိ စိုက်ပျိုးနိုင်ပြီး၊ ရင်းနှီးငွေကျပ် ၁၀ သိန်းဝန်းကျင် အကုန်အကျခံစိုက်ပျိုးရကြောင်း၊ ပျိုးစေ့ကို အပင်ပျိုးပြီး တစ်လခွဲအကြာတွင် ပျိုးပင်များခွဲစိုက်အပြီး၊ နှစ်လဝန်းကျင်တွင် (စိုက်ပျိုးချိန် လေးလ) ဝန်းကျင်အကြာ ခုတ်ယူရောင်းချနိုင်ကာ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များ တစ်ထုပ်လျှင် အနည်းဆုံး ငွေကျပ် ၂၀၀ မှ အများဆုံး ငွေကျပ် ၄၀၀ ခန့် ဈေးနှုန်းဖြင့် ကုန်သည်ပွဲစားများနှင့် ချိတ်ဆက်၍ မှာယူသည့် မြို့နယ်ကုန်စိမ်းဈေးများအထိ ဖောက်သည်တင်ပို့ရောင်းချပေးရကြောင်း သိရသည်။

စိုက်ပျိုးရေးအခြေခံ ဖြစ်ထွန်းအောင်မြင်မှသာ ကုန်ထုတ်စွမ်းအား မြှင့်တင်နိုင်မည်ဖြစ်၍ ထိုမှတစ်ဆင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကောင်းလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

ပင်းတယမြို့နယ် အနီးအနားကျေးရွာများဖြစ်သည့် ရေချမ်းစင်၊ ကျုံး၊ ပွေးလှ၊ တမဲ၊ ကူးကော်၊ သရက်ကုန်း အစရှိသော ကျေးရွာများ၌ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်များ ဧကအများအပြားစိုက်ပျိုးကြပြီး ဒေသမှထွက်ရှိသော ပန်းဂေါ်ဖီနှင့်ဂေါ်ဖီထုပ်များကို အောင်ပန်းပွဲရုံမှ ရန်ကုန်မြို့နှင့် မိတ္ထီလာမြို့သို့ လည်းကောင်း၊ ရွာငံ၊ ဟန်မြင့်မို၊ ကျောက်ဆည်လမ်းမှတစ်ဆင့် မန္တလေးမြို့ပွဲရုံများသို့ လည်းကောင်း၊ ထိုမှတစ်ဖန် မြန်မာပြည်အနှံ့ နယ်မြို့များသို့ ဖောက်သည် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**အေးအေးလတ် (ပြန်/ဆက်)**



# ကြို့ပင်ကောက်မြို့နယ် ငရစ်ရှိကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းပြီးစီး

**ကြို့ပင်ကောက် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ စီမံကိန်းဝင်ကျေးရွာဖြစ်သော ငရစ်ရှိကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃၂၂၂ ပေသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်အတိုးရရှိငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း အဆိုပါ မြို့နယ်ဦးစီးဌာနရုံးမှ သိရသည်။

ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဗညား၊ ဦးစီးအရာရှိ ဦးအေးလွင်နှင့် ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခြင်း၊ ကြို့ပင်ကောက်မြို့နယ် လျှပ်စစ်မှူးရုံး၏ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့အား ဓာတ်အားလိုင်း ၃၂၂၂ ပေ တည်ဆောက်ခြင်းကို ကျေးရွာပြည်သူလူထုကိုယ်တိုင် မေ ၁၅ ရက်မှစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကျေးရွာတွင်းမီးလင်းရေးလုပ်ငန်းများကို မြစိမ်းရောင်အတိုးရရှိ ငွေကျပ်သိန်း ၇၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၃၀ ဒသမ ၁၈၄ သိန်း စုစုပေါင်းကျပ်သိန်း ၂၀၀ ဒသမ ၁၈၄ သိန်းအသုံးပြုပြီး လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၄၀၊ လူဦးရေ ၃၅၀ မှာ လက်ရှိတွင် လျှပ်စစ်မီးကို ၂၄ နာရီ အသုံးပြုလျက်ရှိပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**ကိုညို(ကျေးလက်)**

# မြို့သစ်မြို့နယ်ရှိ တောင်သူများအား သွင်းအားစုပစ္စည်းများ ထောက်ပံ့

**မြို့သစ် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ခုနှစ် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်လုပ်ငန်းအတွက် သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၃၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးလွင်က ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ် လုပ်ငန်းအတွက် သွင်းအားစုပစ္စည်းများပေးအပ်ခြင်းနှင့် ပတ်သက်၍ တက်ရောက်လာသောကျေးရွာအုပ်စုများမှ တောင်သူများအား ရှင်းလင်းဆွေးနွေးကာ ထောက်ပံ့ပစ္စည်းများအသုံးပြုပုံများကို လက်တွေ့သရုပ်ပြသ ရှင်းလင်းသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသော တောင်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ရာကျေးရွာ ၁၈ ရွာနှင့် ထောက်ပံ့ပစ္စည်းပေးအပ်သော တောင်သူ ၈၉ ဦးတို့ကို တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(ပြန်/ဆက်)**

# ပြည်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ဧက ၆၃၁၀၀ ကျော် စိုက်ပျိုးပြီးစီး

**ပြည် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၇၄၆၄၀ အနက် ဩဂုတ် ၁ ရက်အထိ ဧက ၆၃၁၆၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးစပါး ဧက ၆၃၁၀၀ ကျော်စိုက်ပျိုးရာတွင် တောင်သူများ အနေဖြင့် မနော်ဘီ(၂)၊ ရတနာတိုးနှင့် GW-11 အစရှိသော ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် အထွက်တိုးမျိုးစပါးများကို အများဆုံးစိုက်ပျိုးကြပြီး တောင်သူများအတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စနစ်တကျ ထုတ်ချေးပေးလျက်ရှိသည်။

တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပိုးမွှားများ ကင်းစင်ရေးအတွက် ပျိုးထောင်သည်မှ စိုက်ပျိုးပြီးသည်အထိ လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်မြို့နယ်တွင် ယခုနှစ် မိုးစပါးလျာထားဧက ပြည့်မီကျော်လွန်ရေးအတွက် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ကော့သောင်းမြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးသင်တန်းဖွင့်

**ကော့သောင်း ဩဂုတ် ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (ကော့သောင်း) က ဖွင့်လှစ်သည့် ရပ်ရွာ အခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်း (၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက်က ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ကျင်းပရာ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၄၁/၂၀၂၂)ဖြင့် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေအသစ်ကို လေ့လာသိရှိနိုင်ရန် ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများ၊ ရပ်/ကျေးမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို လူကုန်ကူးမှုဆိုင်ရာ အသိပညာများရရှိစေရန်၊ အခြေခံကျသည့် ရပ်ရွာများမှတစ်ဆင့် လူကုန်ကူးခံရသူဖြစ်ကြောင်း၊ ကနဦးစိစစ်သတ်မှတ်နိုင်ရန်နှင့် လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းများကို စနစ်တကျအသုံးပြုတတ်ကြစေရန် ရည်ရွယ်ကာ သင်တန်းကာလ သုံးရက်တာ ရက်တိုသင်တန်းအဖြစ် ပို့ချသင်ကြားပေးသွားမည်ဖြစ်သည်။



အဆိုပါသင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဆိုင်ရာများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုအခြေအနေများ၊ အခြေခံကျသည့်ရပ်ရွာများအတွင်း လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံဖြည့်သွင်းမှုဘာသာရပ်များကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု/စိတ်များမှ သင်တန်းနည်းပြများက လူကုန်ကူးမှု ဖြစ်စဉ်ဖြစ်ပွားမှုများပြားရာဒေသများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တို့တွင် ဦးစားပေးအဆင့်အနေဖြင့် စတင်ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

## သိန္နီမြို့နယ်၌ နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိ

**သိန္နီ ဩဂုတ် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ်အတွင်းရှိ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေး၊ စာဖတ်သည့်အလေ့အထကောင်းများ ရရှိစေရေးနှင့် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရေးအတွက် စာအုပ်စာစောင်များကို နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာရုံးများအရောက် လှည့်လည်ငှားရမ်းပေးခြင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယမန်နေ့က ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ငှားရမ်းပေးရာတွင် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ စာရင်းစစ်ရုံးနှင့် စည်ပင်သာယာရေးရုံးများသို့ သွားရောက်၍ သုတစာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ဝတ္ထုစာအုပ်များ၊ ကလေးများအတွက် ရုပ်ပြစာအုပ်များနှင့် ပုံပြင်စာအုပ်များကို ငှားရမ်းပေးခဲ့ခြင်းဖြစ်သည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စာအုပ်၊ စာပေများ ဖတ်ရှုချင်သော်လည်း မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များ လာရောက်ငှားရမ်းရန် အခက်အခဲရှိသူများအတွက် အဆင်ပြေမှုရှိစေရန်၊ ဗဟုသုတတိုးပွားစေရန်၊ စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရန်၊ စာအုပ်စာပေနှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေရန် နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များကို နှစ်ပတ်လျှင် တစ်ကြိမ်လှည့်လည်ငှားရမ်းပေးလျက်ရှိသည်။

"ယခုလို ရုံးများအရောက် လာရောက်ငှားရမ်းပေးသည့်အတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် စာပေများကို ပိုမိုဖတ်ရှုလေ့လာဖြစ်ကြောင်း၊ ရုံးစာကြည့်တိုက်သို့ သွားရောက်ရန် သီးသန့်အချိန်မပေးရသည့်အတွက် ပိုမိုအဆင်ပြေမှု ရှိကြောင်း" မြန်မာ့စီးပွားရေးဘဏ်မှ စာအုပ်ငှားရမ်းသော ဝန်ထမ်းတစ်ဦးက ပြောသည်။ **စောဥမ္မာ(သိန္နီ)**

## မိုးနဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဖွင့်

**မိုးနဲ ဩဂုတ် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကာ သင်တန်းနည်းပြများက တစ်လကြာသင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## လွိုင်လင်မြို့နယ်၌ အဝီစိစက်ရေတွင်းတူးဖော်နေခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လွိုင်လင် ဩဂုတ် ၂**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပန်မုန့်ကျေးရွာအုပ်စု ပေါင်းလိုင်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ၊ လွိုင်လင်မြို့ အမှတ်(၂) ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အတွင်း စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ မွမ်းမံရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ မြို့နယ်ဦးစီးဌာနမှ သိရသည်။



ပေါင်းလိုင်ကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အရှည် တစ်မိုင်ရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၀၇ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက လည်းကောင်း၊ လွိုင်လင်မြို့ အမှတ်(၂) ဒုံးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အတွင်း အနက် ပေ ၃၀၀ ရှိ အဝီစိစက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ မွမ်းမံရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများက ယခုနှစ် ဇွန်လအတွင်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအချိန်တွင် လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ပြောသည်။

**ငြိမ်းသူ**

## ကျောက်မဲမြို့နယ် ကုန်းစုံကျေးရွာ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ရာနှုန်းပြည့်ပြီးစီး

**ကျောက်မဲ ဩဂုတ် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကုန်းစုံကျေးရွာ အချိန်ပြည့်လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် မေလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံက သိရသည်။

ကျောက်မဲမြို့နယ် ကုန်းစုံကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းနိုင်မှုမရှိခြင်းကြောင့် မီးမရရှိခဲ့ကြောင်း၊ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၈၇၄၀ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများအနက်မှ ငွေကျပ်သိန်း ၁၂၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၃၀ စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၅၅၀ ဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် မေလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်းက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၁၅ အိမ်၊ လူဦးရေ ၅၅၉ ဦးတို့အတွက် အချိန်ပြည့် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **နီလာ**



# ကျောက်ဆည်မြို့နယ်၌ ဒေသနှင့်ကိုက်ညီသည့် စပျစ်သီးနှံများ စမ်းသပ်စိုက်ပျိုး

ကျောက်ဆည် ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ဥယျာဉ်ခြံမြေအချို့၌ ဒေသနှင့် ကိုက်ညီသည့် စပျစ်သီးနှံများ စမ်းသပ်စိုက်ပျိုးလာသည်။

စပျစ်သီးနှံသည် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ပြီး အပင် ၅၀၀ စိုက်ပျိုးပါက အသီးဆွတ်ခူးချိန်အထိ ကုန်ကျငွေကျပ် ၁၆ သိန်းခန့်ရှိကြောင်း၊ အသီးများ ခူးဆွတ်ရာတွင် ရက်ပေါင်း ၆၀ ကျော်အထိ ခူးဆွတ် ရပြီး စုစုပေါင်းကုန်ချိန်ပိဿာ ၁၅၀၀ ခန့်ရရှိကြောင်း၊ ရောင်းဈေးအနေဖြင့် အသီးအမျိုးအစားနှင့် အသီးအခိုင်လှပမှု အပေါ်မူတည်၍ တစ်ပိဿာ ငွေကျပ် ၂၀၀၀၊ ၃၅၀၀ အထိ ဈေးအမျိုးမျိုး ရောင်းရပြီး ငွေကျပ်သိန်း ၅၀ ခန့် ရရှိသောကြောင့် ဒေသနှင့် ကိုက်ညီသည့် စပျစ်မျိုးများ စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း မှိုင်းပန်ကျေးရွာမှ ဦးမြင့်မွေးက ပြောသည်။

စပျစ်သီးနှံစိုက်ပျိုးမည်ဆိုပါက အကျယ် တစ်ပေ၊ အနက် တစ်ပေ မြေကျင်းများတူးပြီး သဘာဝမြေဆွေးများထည့်၍



စပျစ်အရိုင်းပင် စတင်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ခြောက်လအကြာတွင် ကိုင်းဖြတ်ကာ မိမိတို့စိုက်ပျိုးလိုသည့် အယဉ်မျိုးနှင့်ကိုင်းကူးပေးရကြောင်း၊ ကိုင်းကူးပြီး ခြောက်လအကြာတွင် စပျစ်သီးများ စတင်ခူးဆွတ် ရောင်းချရကြောင်း၊ စပျစ်သီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက သွင်းအားစုနည်းပြီး အကျိုးအမြတ်များသောကြောင့် တိုးချဲ့စိုက်ပျိုးခြင်းဖြစ်ကြောင်း စပျစ်သီးနှံစိုက်တောင်သူများထံမှ သိရသည်။

သက်မောင်

## ခြေကျင်လျှောက်သူများ လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၂၆ နှင့် ၃၂၇)

၁။ ခြေကျင်လမ်းအသုံးပြုများသည် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းရှိလျှင် ထိုနေရာပေါ်မှ သွားရမည်။

(ခ) ခြေကျင်လျှောက်သူသည် သာမန်အားဖြင့် မော်တော်ယာဉ်သွားလမ်းပေါ်သို့ မဆင်းရ။

(ဂ) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်းမရှိလျှင် တတ်နိုင်သမျှ လမ်း၏လက်ဝဲဘက်မှ ယာဉ်ကြောကို မျက်နှာမူ၍ ကပ်လျှောက်ရမည်။

(ဃ) ခြေကျင်လျှောက်သူသည် လမ်းမပိတ်ဆို့ရ။ ရင်ပေါင်တန်း မလျှောက်ရ။

(င) ခြေကျင်လျှောက်သူသည် ညအချိန်၌ မီးအလင်းရောင်အောက်တွင် မြင်သာသည့် အဝတ်အစား သို့မဟုတ် ရောင်ပြန်ပါသည့် အဝတ်အစားများ ဝတ်ဆင်ရမည်။

၂။ ခြေကျင်လျှောက်သူသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ကုန်းကျော်တံတား၊ လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့် နေရာစသည်တို့မှသာ ဖြတ်ကူးရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနှင့် အရိယမဂ္ဂင်လမ်းထောင့်၊ တိုက်အမှတ်(၁၃)၊ သတ္တမထပ်၊ (၁၈ပေ x ၄၈ပေ ဖလက်မ) အကျယ်အဝန်းရှိ မီနီကွန်ဒို တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်စုရတနာ ၁၂/ပဘတ(နိုင်)၀၀၂၄၀၆က အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ငွေငွေဝင်း(LL.B,D.I.L,WIPO(Switzerland)) တရားလွှတ်တော်ရှေ့နေ

အမှတ်(၂၇)၊ နိဗ္ဗာနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၇၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ယဉ်ကြည်(CA-၀၃၉၆၆၈)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ မြေကွက်အမှတ်(၇၂)နှင့် ကပ်လျက်(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိရွှေဇင်ထွန်း(၁၂/ဒဂမ(နိုင်)၀၃၉၀၀၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ်(၄)၊ အကျယ်အဝန်း (၄၀ပေ× ၉၀ပေ)ရှိ ဦးမြသန်း(၁၂/ကတတ(နိုင်)၀၁၂၃၃၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ်(၂၂၁၃/၂၀၁၁)အရဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်မောင်ကောက်(၁၂/အစန(နိုင်)၁၃၇၄၄၈)၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၈၃၁/၂၀၁၁)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဝင်း(၉/မကန(နိုင်)၀၂၁၆၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

အမှတ်(၁၅)၊ သံသုမာလမ်း၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သွေးသည် အသက်**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်မျိုးဆန်း ၁/မကတ(နိုင်)၁၁၈၇၀၁ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၄၂၇၁၉၀

### အမည်ပြောင်း

ဦးဇော်မင်းထွန်း ၇/နတလ(နိုင်)၀၉၀၉၂၇ ၏သားများဖြစ်သော နတ်တလင်းမြို့မ အထက Grade-10 (A) မှ မောင်သတိုးထည်အား မောင်ပိုင်သတိုး ဟု လည်းကောင်း Grade-2(B)မှ မောင်သြမြတ်မင်း အား မောင်ဘုဏ်းသန့်ကိုကို ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**ဥတုရာသီ တောကိုမှီ၏**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ကလွင်မီးပြ မြောက်ဘက် (၀ ဒသမ ၆ ) မိုင်ခန့်အကွာတွင် တရားမဝင် သစ်မျိုးစုံ (၆ ဒသမ ၂၂၂၀) တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၃၃,၃၀၀)နှင့် အဆိုပါသစ်များ သယ်ဆောင်လာသည့် သစ်သားကိုယ်ထည် စက်လှေ တစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀,၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈၅၃,၃၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဇူလိုင် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ အဝတ်အထည်ဟောင်း (ဘေထုပ်) များနှင့် ဘုရားဆင်းတုတော်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆,၄၃၅,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် NI DI Bus အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅,၀၀၀,၀၀၀)ကို လည်းကောင်း၊ ဘုရားကြီးတိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၄၇၀,၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Express အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀,၀၀၀,၀၀၀) ကို လည်းကောင်း **(အပေါ်ပုံ)**၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂,၉၀၅,၅၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းများ( ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၀၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် DJI တံဆိပ် Drone တစ်စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈၇၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၃၀ ရက်၊ ၃၁ ရက်နှင့် ဩဂုတ် ၁ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉,၆၂၈,၈၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ Switchbay(၃) စုံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်းအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် သို့ တင်ဒါပိတ်ရက် ၁၅-၈-၂၀၂၂ရက် ၁၄:၀၀နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၇၅/က)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ (၂၀x၆၀)၊ စတုရန်းပေ (၁၂၀၀) ဝ ဒသမ ဝ၂၇၅ ဧကရှိ ဦးဟန်လင်းထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရီရီဝင်း ၁၃/လရန(နိုင်)၀၀၄၂၈၈ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုရာ ကျွန်တော် ဦးမျိုးနိုင် ၁၂/ရကန(နိုင်)၀၆၁၅၂၅ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးနိုင် ၁၂/ရကန(နိုင်)၀၆၁၅၂၅**
**ဖုန်း-၀၉-၉၇၀၀၈၉၃၀၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၀

ဦးသိန်းဝင်း လျှောက်ထားသူ
တလင်းကြီးကျေးရွာ
အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ကွယ်လွန်သူ ဒေါ်ကျင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ကျင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသိန်းဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဩဂုတ် ၁၂ရက်(၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်ကျင်၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ခုနှစ် ဩဂုတ် ၁၂ရက်(၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးသိန်းဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဇူလိုင် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ရောင်းချခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင် Time Square အိမ်ရာ စီမံကိန်း၊ တိုက်အမှတ်(C-2)၊ အခန်းအမှတ်(B/505) ၏ မူလအမည်ပေါက် ဒေါ်ခင်ခင်အေး ၁၂/ဥကတ(နိုင်)၁၃၅၇၄၁ - ဒေါ်လှရီ ၁၂/ပဇတ(နိုင်)၀၀၈၀၆၅ထံမှ ဝယ်ယူထားပြီးဖြစ်ပါ၍ အမည်ပြောင်းလဲပြီး ပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ်ထုတ်ယူခွင့်ပြုပါရန် ဦးကျော်ဇေယျ ၁၂/ဥကတ(နိုင်)၀၈၇၃၃၈ က လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၆၁၇၆ Honda Click 125ယာဉ်လက်ဝယ်ရှိသူဒေါ်သီသီဝင်း ၉/ပကခ(နိုင်)၀၃၈၁၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၉၄၉၉ Honda Scoopy 110ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၉/မနမ(နိုင်)၀၅၉၀၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

